# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 19 October 2023 ၁၁၂၅၃


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်ငွေများကို အကျိုးရှိရှိဖြင့် အသုံးချ

# လုပ်ငန်းများ အောင်မြင်စေရေးအတွက် အမှန်တကယ်လုပ်ငန်းဆောင်ရွက်ရန်လိုပြီး လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက တိုင်းပြည်၏ GDP သည်လည်း များစွာပြောင်းလဲသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ○




ကြေးမုံ

# အကြမ်းဖက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမဆုံးအချက်တွင် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" နှင့် နိုင်ငံရေးဦးတည်ချက် တတိယအချက်တွင် "ပြည်သူလူထု၏လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး"တို့ကို ချမှတ်ထားသည်။

အဆိုပါရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်တို့သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် အဓိကကျသော လိုလားချက်၊ လိုအပ်ချက်များဖြစ်သည်။ ယင်းတို့ကို ထိရောက်စွာအကောင်အထည်ပေါ်စေရန်အတွက် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိကာလတွင် CRPH ၊ NUG နှင့် PDF အပါအဝင် EAO အဖွဲ့အချို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလက လက်နက်ကိုင်သောင်းကျန်းမှု လုပ်နည်းလုပ်ဟန်အတိုင်း အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် စစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး အခြားနယ်မြေများတွင်လည်း နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးရရှိစေရေးကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုကြောင့် ပြည်တွင်းဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ယခင်ကထက် လျော့နည်းကျဆင်းသွားသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လှုံ့ဆော်မှု၊ အချို့သောအကြမ်းဖက်အားပေး ပြည်ပမှဝင်ရောက်စွက်ဖက်မှု၊ PDF အမည်ခံ အကြမ်းဖက်လက်ကျန်များနှင့် EAO အဖွဲ့အချို့တို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်သူလူထုသွားလာမှုလုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း အောက်တိုဘာလ ၇ ရက်နေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးမှုသဘာဝဘေးအန္တရာယ်ကြောင့် ရထားလမ်းများပျက်စီးခဲ့သည်။ ရထားလမ်းများ ပျက်စီးခဲ့ရမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး မွမ်းမံပြင်ဆင်မှုဆောင်ရွက်ပြီး အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်လူစီးရထား၊ ကုန်ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ခဲ့သည်။

သို့သော် အောက်တိုဘာလ ၁၇ ရက်နေ့ နံနက် ၃ နာရီကျော်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား၌ PDF အမည်ခံအကြမ်းဖက်သမားများက အစုန်/အဆန် ရထားလမ်း နှစ်ခုစလုံးအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သောကြောင့် ရထားသံလမ်းနှင့်ရထားလမ်းများ ပျက်စီးခဲ့ရာ ခရီးသည်နှင့် ကုန်စည်များတင်ဆောင်လာသည့် အစုန်/အဆန်ရထားများ ပိန်းဇလုပ်ဘူတာနှင့်ကျောက်တံခါးဘူတာတွင် ခေတ္တရပ်နားခဲ့ရပြီး သက်ဆိုင်ရာက အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးနိုင်မှုကြောင့် ထိုနေ့နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယနေ့အချိန်အထိ ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ တွေ့ရှိခြင်း ၁၂၆ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြောင်းသိရသည်။

နိုင်ငံတော်အစိုးရက အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးကို ရည်မှန်း ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများ အသက်အန္တရာယ်ထိခိုက်စေပြီး စိုးရိမ်ပူပန် စိတ်မချမ်းမြေ့စေရန်သာမက ပြည်သူလူထုအကျိုးစီးပွားအတွက် ဆောင်ရွက်နေသောဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကြန့်ကြာစေရန်၊ ပျက်စီးစေရန် အကြိမ်ကြိမ်ကျူးလွန်နေမှုများ ပပျောက်သွားစေရန် အမြစ်ပြတ်သည်အထိ တိုက်ဖျက်ရှင်းလင်းကြရမည်ဖြစ်သည်။

တော်လှန်ရေးအမည်ခံပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခြင်းသည် သူ့ရဲဘောကြောင်သည့် မိုက်မဲသောလုပ်ရပ်များဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များနှင့် အေးချမ်းစွာနေထိုင်သွားလာလုပ်ကိုင်မှုများကို ဖျက်ဆီးခြင်းသည် ပြည်သူတို့အား ဖျက်ဆီးခြင်းပင်ဖြစ်သည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝကို ဖျက်ဆီးခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသော အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊


၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။



ထိုသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာတွင် ဗဟန်းမြို့နယ် စာရေးဆရာအသင်းနာယက ဒေါက်တာရီရီလှ(ယုဝတီခင်ဦး) မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ကပ္ပတိန်မျိုးကျော်ဦး (တောင်ဥက္ကလာပမြို့နယ်)က ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ (မလေးယဉ်)မိသားစုနှင့် ချမ်းမြသာစည်မြို့နယ် စာရေးဆရာ အသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ မြန်မာနိုင်ငံစာရေးဆရာ အသင်း ဒုတိယဥက္ကဋ္ဌ(၃) ဦးမြတ်စိုး (မြတ်စိုး-လှိုင်)နှင့် မြန်မာ နေရှင်နယ်ပို့စ် သတင်းအေဂျင်စီတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးလှဘော်(မောင်လှဘော်-မအူပင်)နှင့် မြဝင်းဦး(မန်းတက္ကသိုလ်) အောင်မြေသာစံမြို့နယ်တို့က ငွေကျပ်သုံးသောင်းစီ၊ ဦးကံလှ (မောင်လူလှ- ဇေယျာဦး)အောင်မြေသာစံမြို့နယ်က ငွေကျပ် ၂၅၀၀၀၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)က ငွေကျပ်နှစ်သောင်း၊ ကိုသစ္စာ (မြန်မာပြည်သား) မဟာအောင်မြေမြို့နယ်က ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၄၄၀ | ၃,၈၇၃,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁၉၁ | ၅၇၃,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၄၀၀ | ၁၉၅ | ၁,၆၂၈,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၆၇ | ၂၈၃,၉၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၃၀၂ | ၈၀၀,၃၀၀ |
| EFR | ၂,၁၅၀ | ၂,၁၀၀ | ၂၂၀ | ၄၆၂,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀ | ၁၄၇,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁,၉၈၉ | ၃,၄၈၀,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ( ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ပြဋ္ဌာန်းခဲ့သော စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ( ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

○ ရှေ့ဖုံးမှ

**နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ မှန်မှန်ကန်ကန် လည်ပတ်နိုင်ရေးနှင့် မြေနေရာများကို အကျိုးရှိရှိ အသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာ၌ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ချိန်တွင် ဝန်ကြီးဌာနများရှိ အချို့လုပ်ငန်းများ ဖျက်သိမ်းခြင်းများရှိသကဲ့သို့ အချို့လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များပေးခြင်းနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအချို့ကို ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် လည်ပတ်သင့်သည့် စက်ရုံများနှင့် လုပ်ငန်းများကို ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူဝန်ကြီးဌာနများ၌ လုပ်ငန်းလည်ပတ်မှုမရှိဘဲ ရပ်တန့်နေရသည့်လုပ်ငန်းရပ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဆောင်ရွက်ရန် အကြောင်းအမျိုးမျိုးဖြင့် မြေနေရာများ ရယူထားရှိပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသည်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့အကျိုးအတွက် ကြည့်မည်ဆိုပါက ၎င်းမြေနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်မည့်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများက လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံအတွက်လိုအပ်သည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရပိုင်းဆိုင်ရာနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများ စသည်ဖြင့်အပိုင်းလိုက် ဆောင်ရွက်ရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးရာတွင်လည်း အမှန်တကယ် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများကိုသာ ဆောင်ရွက်ခွင့်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အထောက်အကူပြုသည့်လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

❖ **ဝန်ကြီးဌာနများနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာ၌ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ချိန်တွင် ဝန်ကြီးဌာနများရှိ အချို့လုပ်ငန်းများ ဖျက်သိမ်းခြင်းများ ရှိသကဲ့သို့ အချို့လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များပေးခြင်းနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ခြင်းများရှိ**
❖ **ပြီးခဲ့သည့်အစိုးရလက်ထက်တွင် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအချို့ကို ရပ်တန့်ခဲ့**
❖ **မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် လည်ပတ်သင့်သည့် စက်ရုံများနှင့် လုပ်ငန်းများကို ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့**

**နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေးနှင့် သတ်မှတ်ကာလများအတွင်း လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လို**

မိမိတို့အနေဖြင့် နှစ်စဉ် ဘတ်ဂျက်ငွေများကို ချထားပေးလျက်ရှိပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ဝန်ကြီးချုပ်များအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေနိုင်မည့် လုပ်ငန်းများအတွက် အမှန်တကယ် လိုအပ်မည့် ငွေကြေးတောင်းခံမှုများကိုသာ ဖြစ်စေရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများစွာတွင် သုံးစွဲရမည့်ငွေကြေးပမာဏများစွာ ရှိနေသည်ဖြစ်သည့်အတွက် စနစ်တကျတွက်ချက်တောင်းခံသွားစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး သတ်မှတ်ကာလများအတွင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမှသာ ပြည်တွင်းစားသုံးမှုကို ဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်**

မိုးသီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်ကြောင်း၊ မိုးသီးနှံများကို ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးထားသည့် စိုက်ပျိုးမြေများ၌ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် နှမ်းစပါးထွက်ရှိမှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအနေဖြင့် ပျမ်းမျှ ၇၆ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးသီးနှံများစိုက်ပျိုးရာတွင် ရာနှုန်းပြည့်အောင်မြင်ရေးနှင့် အထွက်နှုန်းများကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမှသာ ပြည်တွင်းစားသုံးမှုဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအားလုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုများ၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိမှုနှင့် ယခုထက်ပိုမိုတင်ပို့နိုင်ရေး နိုင်ငံတကာနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိမှုများနှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် စည်းကမ်းစနစ်တကျဖြစ်စေရေးတို့နှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ ဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး သဘောထားမှတ်ချက်များ တောင်းခံမှုများနှင့်ပတ်သက်၍လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်သက်သက်ခိုင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားဆွေးနွေးသည်။

ထို့နောက် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက် ဥပဒေအကြံပေးများ ခန့်အပ်ထားရှိခြင်းသည် ဥပဒေပိုင်းဆိုင်ရာများတွင် မှန်မှန်ကန်ကန်နှင့် နည်းလမ်းတကျဖြစ်စေလို၍ ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာ အကြံပေးချက်များကို အကျိုးရှိရှိအသုံးပြုရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်ငွေများကို အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်ငွေကြိုတင်စိစစ်ရေးကော်မတီတစ်ခုကို ဖွဲ့စည်း၍ ထိထိရောက်ရောက် စိစစ်ဆောင်ရွက်သင့်သည်ဟု မြင်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စေရေးအတွက် အမှန်တကယ် လုပ်ငန်းဆောင်ရွက်ရန်လိုပြီး လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက တိုင်းပြည်၏ GDP သည်လည်း များစွာပြောင်းလဲသွားမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘေးဖြစ်နိုင်ခြေလျှော့ချရေးအစီအစဉ်များ ဖော်ဆောင်သည့်အခါတွင် ကျား-မ တန်းတူပါဝင်နိုင်ရေး၊ ထိခိုက်လွယ်သူများ၏ လိုအပ်ချက်နှင့် အရေးပါမှုကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်

★ ကျောဖုံးမှ

ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၀၀ ပြည့်နှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction–2023 –IDDRR) အထိမ်းအမှတ်ကျင်းပရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် ပါဝင်သည့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအလိုက် ဆောင်ပုဒ်များကို နှစ်စဉ် သတ်မှတ်ခဲ့ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

## ဆန်ဒိုင်းမူဘောင်

အထူးသဖြင့် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် အတည်ပြုခဲ့သည့် ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)ပါ ပန်းတိုင်(၇)ခုကို နှစ်အလိုက် ဆောင်ပုဒ်များအဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခု(၂၀၂၃)ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး (UNDRR)က နိုင်ငံအလိုက် ဆန်ဒိုင်းမူဘောင်ပါ ပန်းတိုင်(၇)ခုနှင့် အညွှန်းကိန်း(၃၈)ခုအပေါ် အကောင်အထည်ဖော်နိုင်မှု ကာလလယ်သုံးသပ်ချက် (Midterm Review)ကို ဆောင်ရွက်ခဲ့ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် ၂၀၂၃ ခုနှစ် မေလတွင် မူဝါဒပိုင်းဆိုင်ရာ အနှစ်ချုပ်ကို ထုတ်ပြန်ခဲ့ကြောင်း။

အဆိုပါ ထုတ်ပြန်ချက်အရ အနာဂတ်ကာလတွင် ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းဖြစ်ရန်၊ ဆင်းရဲချမ်းသာကွာဟချက် ကြီးမားမှုများ၊ ကျား-မ တန်းတူ ညီမျှရေး လိုအပ်မှုများ၊ ဖိနှိပ်ခွဲခြား ဆက်ဆံခံရမှုနှင့် ရေရှည်ဖွံ့ဖြိုးမှု နည်းပါးသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ဆောင်ရွက်နေရမှုများ၊ ကဏ္ဍစုံတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အစီအစဉ်များ ထည့်သွင်းရန် ပျက်ကွက်မှုများ၊ အရင်းအမြစ် မပြည့်စုံမှုများစသည့် အခြေခံ အကြောင်းများကို ဖော်ထုတ်ကြရန် ဦးတည်ပြီး ယခုနှစ် ဆောင်ပုဒ်ကို "Fighting Inequality for a Resilient Future" **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့"** ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ (၂၀၂၂)အရ ပျက်စီးဆုံးရှုံးမှုများသည့် သဘာဝဘေးကြီးများသည် ၂၀၁၅ ခုနှစ်အထိ တစ်နှစ်တွင် အကြိမ် ၄၀၀ ခန့်ဖြစ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်သို့ရောက်ပါက တစ်နှစ်ကို အကြိမ် ၅၆၀ ခန့်အထိ တိုးလာနိုင်ကြောင်းကို ဖော်ပြထားပါကြောင်း၊ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် ဘေးများ ပိုမိုဖြစ်ပွားလာဖွယ်ရှိကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုများ အယ်လ်နီညို ဖြစ်စဉ်များကြောင့် ရေနှင့် ဆက်နွယ်သည့် ဘေးအန္တရာယ်ကို ပိုမိုဖြစ်ပွားစေပါကြောင်း၊ အင်အားပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခြင်းနှင့် ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ပုံမှန်ထက်ပိုမိုသည့် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေပါကြောင်း။

## ပျက်စီးဆုံးရှုံးမှုများခဲ့

ကမ္ဘာတစ်ဝန်း ဘေးဖြစ်ပွားမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးများ အဖြစ်များခဲ့ကြောင်း၊ ဥရောပနိုင်ငံများတွင် ပြင်းထန်သည့် အပူလှိုင်းကြောင့် လူ ၁၆၃၀၅ ဦး သေဆုံးခဲ့ပြီး ကမ္ဘာနှင့်တစ်ဝန်း မိုးခေါင်ရေရှားခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် ဘေးအန္တရာယ်များကြောင့် လူပေါင်းထောင်နှင့်ချီပြီး သေဆုံးခဲ့ရသလို ပျက်စီးဆုံးရှုံးမှုများ များခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တူကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိသည့် ငလျင်လှုပ်ခဲ့ပြီး လူ ၅၀၀၀၀ ကျော် သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများကလည်း ကြီးမားလှကြောင်း၊ အလားတူ ဖိလစ်ပိုင်တွင် ၂၀၂၃ ခုနှစ် ဇူလိုင်လက တိုင်ဖွန်းမုန်တိုင်းနှင့် ရေဘေးဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမုန်တိုင်း၏အရှိန်သည် တရုတ်နိုင်ငံ Fujian (ဖီဂျန်း) ပြည်နယ်နှင့် ထိုင်ဝမ်တို့ကို တိုက်ခတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

## ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့

ထို့အပြင် မိမိတို့နိုင်ငံတွင်လည်း ယခုနှစ် မေလ ၁၄ ရက်နေ့တွင် အင်အား အလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပင်လယ်ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ်ကတည်းကပင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လိုအပ်သည့်စောင့်ကြည့်လေ့လာမှုများ လမ်းညွှန်ပေးခဲ့ပြီး ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံချက်ပါအတိုင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတွင်ရှိသည့် ပြည်သူများကို ဘေးလွတ်ရာနေရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပြီး သတိပေးချက်များ၊ ဆောင်ရန် ရှောင်ရန်အချက်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန(DMC)ကို ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး၊ တုံ့ပြန်ရေး၊ သယ်ယူ ပို့ဆောင်ရေးများကို ဒေသခံအစိုးရအဖွဲ့၊ နယ်မြေတာဝန်ခံများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

စာမျက်နှာ ၅ သို့ ★

❖ **သဘာဝဘေး ကျရောက်မှုများသည် ဖွံ့ဖြိုးမှုအားနည်းသည့် နိုင်ငံ၊ ဆင်းရဲမှုနှုန်းများသည့်နိုင်ငံ၊ ဘေးကျရောက်နိုင်ခြေများသည့်နိုင်ငံ၊ ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများကို ဆိုးကျိုးပိုပြီး ခံစားရ**

❖ **ဘေးအန္တရာယ်ကျရောက်မှုသည် ဆင်းရဲမှုကို တွန်းပို့ပေးသကဲ့သို့ ဆင်းရဲမှုကြောင့်ပင် ဘေးဒဏ်ကိုနှစ်ဆပိုခံစားစေနိုင်သည်ဆိုသည့် သံသရာစက်ဝန်းကို ဖြတ်နိုင်ရန်လို**

❖ **သဘာဝဘေးအန္တရာယ်များနှင့် ယှဉ်တွဲနေထိုင်နေရသည့် လူမှုအသိုက်အဝန်းများသည် ဖြစ်လာနိုင်သည့် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်ရန် ကြိုတင်ပြင်ဆင်မှုများ အားကောင်းအောင်၊ ခိုင်မာအောင်ဆောင်ရွက်ရမည်**

✯ စာမျက်နှာ ၄ မှ

မုန်တိုင်း ဝင်ရောက်သည့်အခါတွင်လည်း တုံ့ပြန်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်လိုက် ဆောင်ရွက်နိုင်ခဲ့၍ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့် နှိုင်းယှဉ်ပါက သေဆုံးမှု၊ ဆုံးရှုံးမှုများသည် အဆပေါင်းများစွာ လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ တုံ့ပြန်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်သည့်အခါတွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ အကူအညီမရသူမရှိစေရ မူဝါဒထားရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်း ပြည်ပ နိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ ဘေးသင့်သူများက ပူးပေါင်း

အန္တရာယ် ကျရောက်မှုသည် ဆင်းရဲမှုကို တွန်းပို့ပေးသကဲ့သို့ ဆင်းရဲမှုကြောင့်ပင် ဘေးဒဏ်ကို နှစ်ဆ ပိုခံစားစေနိုင်သည် ဆိုသည့် သံသရာစက်ဝန်းကို ဖြတ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ယှဉ်တွဲနေထိုင်နေရသည့် လူမှုအသိုက်အဝန်းများသည် ဖြစ်လာနိုင်သည့် ဘေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင် တုံ့ပြန်ရန် ကြိုတင်ပြင်ဆင်မှုများ အားကောင်းအောင်၊ ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ပညာတတ်မြောက်မှု မညီမျှခြင်း၊ နည်းပညာဆိုင်ရာ ကွာဟခြင်း၊ လူနေမှုအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာ ကွာဟချက်များ ရှိနေခြင်းကြောင့် ခွဲခြားဆက်ဆံမှုများ နည်းပါးနိုင်သမျှ နည်းပါးအောင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် "မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့" စင်တင်ပြဇာတ်ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

ဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းတွင် မူလအခြေအနေကို အမြန်ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် ရည်မှန်းပြီး ဘေးဒဏ်ကကြံ့ကြံ့ခံနိုင်သည့် ဒေသဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

**ဆိုးကျိုးပိုပြီးခံစားရစေ**

သဘာဝဘေး ကျရောက်မှုများသည် ဖွံ့ဖြိုးမှုအားနည်းသည့် နိုင်ငံ၊ ဆင်းရဲမှုနှုန်းများသည့်နိုင်ငံ၊ ဘေးကျရောက်နိုင်ခြေများသည့် နိုင်ငံ၊ ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများကို ဆိုးကျိုးပိုပြီး ခံစားရစေပါကြောင်း၊ ဘေး အရေးကြီးကြောင်း။

ဘေးဖြစ်နိုင်ခြေ လျှော့ချရေး အစီအစဉ်များ ဖော်ဆောင်သည့်အခါတွင် ကျား-မ တန်းတူ ပါဝင်နိုင်ရေး၊ ထိခိုက်လွယ်သူများ၏ လိုအပ်ချက်နှင့် အရေးပါမှုကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရန်သည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင်ဖြစ်စေ ဘေးအန္တရာယ်ဆိုင်ရာ ရှုထောင့်ကကြည့်ပြီး ရေရှည်ခိုင်ခံ့အောင် ထည့်သွင်း ဆောင်ရွက်ကြရန် လိုကြောင်း။

ရှုပ်ထွေးလှသည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဘေးဖြစ်ပွားနိုင်မှုအခြေအနေများ၊ ပြင်းအားများသည် ခန့်မှန်းနိုင်ရန် ခက်ခဲသည့်အတွက် ကြုံတွေ့လာခဲ့ပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်မျှော်မှန်း လုပ်ဆောင်ထားကြရန်၊ သဘာဝဘေးကျရောက်နိုင်သည့် ဒေသများ၏ လူမှုစီးပွားအခြေအနေများကို ဘေးဒဏ်ကနေ ကြံ့ကြံ့ခံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် လူမှုပတ်ဝန်းကျင် ဖြစ်ရန်အတွက် တန်းတူညီမျှသည့် ဖွံ့ဖြိုးမှုရှိရန်နှင့် ဘေးဒဏ်ခံနိုင်စွမ်းမြင့်မားသည့် အခြေခံအဆောက်အအုံများဖြစ်ရန် အလေးထား

**သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရန်သည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင်ဖြစ်စေ ဘေးအန္တရာယ်ဆိုင်ရာ ရှုထောင့်ကကြည့်ပြီး ရေရှည်ခိုင်ခံ့အောင် ထည့်သွင်းဆောင်ရွက်**

ဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားဘဝများကို ဖော်ဆောင်နိုင်ရေးအတွက် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် **"ဘေးဒဏ် ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်ကြပါစို့"** နှင့်အညီ အားလုံးတက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးရုံး အကြီးအကဲ ထံမှပေးပို့သည့် သဝဏ်လွှာ သတင်းစကားရုပ်သံကို ပြသသည်။ ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများက "မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့" စင်တင်ပြဇာတ်ဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မကျရောက်မီ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးသန်းဆွေ၊ ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာစိုးဝင်းတို့က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ဆက်လက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် "မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့" စင်တင်ပြဇာတ်ဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၆)
# (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ဝန်ကြီးဌာနမူဝါဒနှင့် ရည်မှန်းချက်

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်တွေ့ကြုံလာရသည့်အခါတိုင်း ရှေ့တန်းကျကျ မားမားမတ်မတ်ရပ်တည်ကာကွယ်စောင့်ရှောက်ပေးသော ဝန်ကြီးဌာနကို ပြောပါဆိုလျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ညွှန်ပြရပေလိမ့်မည်။ အဆိုပါဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို အဓိကတာဝန်ခံရသောဌာနလည်းဖြစ်ပေသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်။

( ခ ) ထိရောက်သောဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရန်နှင့် ဘေးဒဏ်ခံစားရသောပြည်သူများ ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရန်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ စစ်တွေမြို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး အိမ်တွင်းမှုသင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်းကို ကြည့်ရှုအားပေးစဉ်။



လူမှုဝန်ထမ်းဦးစီးဌာန၏ PSS အဖွဲ့ဝင်များ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များရှိ ပြည်သူများထံသို့ အိမ်တိုင်ရာရောက် နှစ်သိမ့်အားပေးမှုများပြုလုပ်ပေးစဉ်။

( ဂ ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောပြည်သူပြည်သားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သာတူညီမျှသည့် လူမှုစီးပွားဘဝ ရရှိခံစားစေရန်။

(ဃ) ပြည်သူလူထု၊ စေတနာ့ဝန်ထမ်းလူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရေး ဦးတည်ဆောင်ရွက်ရန်။

ဝန်ကြီးဌာန၏မျှော်မှန်းချက်မှာ “လူသားအားလုံးအကျုံးဝင်သော သာတူညီမျှရှိပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်ရန်နှင့် ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်”ဟူ၍ဖြစ်ပါသည်။

ဝန်ကြီးဌာန၏မူဝါဒများနှင့် မျှော်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါဦးစီးဌာနများအား ဖွဲ့စည်းထားရှိပါသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန

(ခ) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဂ) ပြန်လည်ထူထောင်ရေးဦးစီးဌာန

### “မိုခါ” မဝင်ရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ

နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်အပြင် မုန်တိုင်းတိုက်ခတ် သက်ရောက်နိုင်ခြေရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စသည်တို့အတွက် လိုအပ်သည့် လမ်းညွှန်ချက်များပေးခဲ့သည်။

ရခိုင်ပြည်နယ်သို့ “မိုခါ” မုန်တိုင်းမဝင်ရောက်မီ ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် အရေးပေါ်အစည်းအဝေးကျင်းပ၍ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးခဲ့သည်။ မေလ ၈ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန DMC ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့အတူ နယ်မြေအလိုက် ကြိုတင်ပြင်ဆင်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မေလ ၆ ရက်နေ့က ကျင်းပပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်အစည်းအဝေး ဆုံးဖြတ်ချက်များသည် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များပင်ဖြစ်သည်။

ယင်းလမ်းညွှန်ချက်များထဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ အရန်ဆန်ရိက္ခာများ သတ်မှတ်အရေအတွက်အတိုင်း ပေးပို့ထားရန်၊ ရေသန့်စင်သည့်စက်များ၊ ရေသန့်ဆေးများ၊ ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဘေးသင့်ဒေသများ၏ လိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သလို ကြိုတင်ဖြန့်ခွဲပေးပို့ထားရန်၊ ရခိုင်ပြည်နယ်သို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်၊ မကွေး၊ ပြည် အစရှိသည့် ဒေသများရှိ သယ်ယူပို့ဆောင်ရေးဆောင်ရွက်နိုင်မည့် မော်တော်ယာဉ်စာရင်းများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနသို့ ပြုစုပေးပို့ရန်၊ ကော်မတီအလိုက် လိုအပ်သည့် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးဆိုင်ရာလိုအပ်မည့် စက်ပစ္စည်းကိရိယာများ၊ အထောက်အကူပြုပစ္စည်းများကို ကြိုတင်စုစည်းပြင်ဆင်စုဆောင်းစီမံထားကြရန်၊ နယ်မြေဒေသအလိုက် နေအိမ်များ၊ အများပိုင်အဆောက်အအုံများ၏ ကြံ့ခိုင်ရေးကို ကြိုတင်စိစစ်ပြင်ဆင်ဆောင်ရွက်ကြရန်၊ အရေးပေါ်ကာလအတွင်း စားရေရိက္ခာပြတ်လပ်မှုမရှိစေရေး ကြိုတင်တွက်ချက်၍ အစီအမံများတွင် ထည့်သွင်းရေးဆွဲရန်၊ စားသောက်ကုန်ပစ္စည်း သိုလှောင်ရာနေရာများ ပျက်စီးမှုဖြစ်ပြီး ပစ္စည်းပြတ်လပ်မှုများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောပြောင်းရွှေ့မှုများ၊ စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရေး ကုန်သည်ကြီးများအသင်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ညွှန်ကြားမှုပြုရန် ဟူသည့် လမ်းညွှန်ချက်များအပါအဝင် ကော်မတီအသီးသီးက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများစွာရှိခဲ့ပါသည်။

### ဦးစီးဌာနများအကြောင်းတစေ့တစောင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများထဲမှ ဘေးစီမံဟု အတိုကောက်ခေါ်နေကြသည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ သမိုင်းကြောင်းကို လေ့လာကြည့်မိသောအခါ မနေ့တစ်နေ့ကမှ ဖွဲ့စည်းပေါ်ပေါက်လာသောဌာနမဟုတ်ကြောင်း သိခွင့်ရခဲ့ပါသည်။ ၁၉၄၅ ခုနှစ်ကတည်းက တစ်နည်းပြောရလျှင် ဂျပန်ခေတ်ကတည်းက လူမှုရေးရာနှင့် ပြန်လည်ထူထောင်ရေး ညွှန်ကြားရေးဝန်ရုံးအဖြစ် ဖွင့်လှစ်ထားရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ ၁၉၄၈ ခုနှစ်တွင် ပညာရေး၊ လူမှုရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ပညာရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး ဝန်ကြီးဌာနအဖြစ်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ထိုမှ လူမှုဝန်ထမ်းဝန်ကြီးဌာနအောက်တွင် ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအဖြစ် ပါဝင်လာခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဖြစ်လာခဲ့သည်။ ဆိုရသော်.... ဘေးစီမံဦးစီးဌာနသည် သမိုင်းကြောင်းရှည်လျားစွာ ရပ်တည်လာခဲ့သော ဦးစီးဌာနတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနကမူ ကျွန်တော်နှင့် မစိမ်းလှသလို ကျေးဇူးရှိခဲ့ဖူးသောဌာနအဖြစ် မှတ်ယူပါသည်။ ကျွန်တော့်ရွာနားက လှော်ကထားအလကကျောင်းမှာ ၈ တန်းအောင်ခဲ့သည်။ ၉ တန်း၊ ၁၀ တန်းကို သူများတွေလို မြို့ကြီးပြကြီးများတွင် သွားမတက်နိုင်၊ တက်နိုင်အောင်လည်း ဘယ်မြို့မှာမှ အမျိုးအဆွေမရှိခဲ့။ အနီးဆုံးက လေးမျက်နှာမြို့၊ ထိုမြို့တွင် နေထိုင်ရန်မှာလည်း ပျံလွန်တော်မူသွားပြီဖြစ်သော ဘကြီးဘုန်းကြီးသီတင်းသုံးခဲ့ရာ ဒက္ခိဏာရုံဘုန်းတော်ကြီးကျောင်းပင်ရှိသည်။

စာမျက်နှာ ၇ သို့ ✤

> “လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသောကော်မတီတစ်ခုမှာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတကာအကူအညီအထောက်အပံ့များကို စနစ်တကျလက်ခံရယူ ဖြန့်ဝေလှူဒါန်း ထောက်ပံ့ပေးသကဲ့သို့ ပြည်တွင်းမှ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကိုလည်း လက်ခံရယူခဲ့”

✤ စာမျက်နှာ ၆ မှ

ထိုအချိန် ထိုကာလက လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာတွေ ဘာတွေခေတ်မစားသေး၊ ဘယ်သူမှ မခေါ်ကြ၊ ဒက္ခိဏာရုံ ပရဟိတကျောင်းအဖြစ်သာ လူသိများခဲ့သည်။ ဤပရဟိတကျောင်းတွင် နှစ်နှစ် သွားရောက်နေထိုင်၍ လေးမျက်နှာမြို့ စတုမုခ ထူပါရုံစေတီတော်မြတ်ကြီးတည်ရှိရာ ဘုရားကြီး ပိုင်းရှိအထကကျောင်းတွင် တက်ရောက်ပညာသင်ခဲ့ ရသည်။ ဆရာကြီး ဦးပညာလောက၊ ဆရာတော် ဦးဇောတိပါလတို့၏လာဘ်လာဘများ၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ နှစ်စဉ်ထောက်ပံ့ပေးမှုများနှင့် ကျွန်တော်တို့ကျောင်းသားအားလုံး ရှင်သန်ရပ်တည် ခဲ့ကြသည်။ ကျေးဇူးကြီးခဲ့ပါသည် ဆရာတော်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန။ ပရဟိတကျောင်း၏ကျေးဇူး က ထိုမျှမကသေးပါ၊ တိုင်းရင်းသားသူငယ်ချင်းများ နှင့် အတူ နေထိုင်ခွင့်ရခဲ့သဖြင့် ငယ်စဉ်ကပင် ရှမ်း၊ ပအိုဝ်း၊ ကယား၊ ကယန်းပဒေါင်၊ ကရင် အစရှိသော တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို သိမြင် လေ့လာခွင့်ရခဲ့သည်။ ထို့ပြင်တ၀ ၉ တန်း၊ ၁၀ တန်း ကျောင်းသားများက ခေါင်းဆောင်၍ လယ်များ ကိုင်းများလုပ်ခဲ့ရသည်၊ ကျွဲ၊ နွားများနှင့် ထွန်ယက် သည့် ၁၉၇၅၊ ၁၉၇၆ ခုနှစ်များတွင် ထယ်နှင့် ထွန်ကို မနိုင်သဖြင့် လယ်ထွန်ခြင်းအလုပ်ကို မလုပ်နိုင်ကြ သည်မှလွဲ၍ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ တမန်း နှိုးခြင်း၊ ကောက်ရိတ်၊ တလင်းနယ်၊ စပါးလှေ့စသည့် အလုပ်များကို အားလုံးလုပ်ခဲ့ဖူးသည်။ ထွက်လာသည့် စပါးများကို ဆန်စက်သွားပို့၊ ကြိတ်ခွဲပြီး ရသည့်ဆန် များကို ပြန်ထမ်းကာ ကျောင်းက ဂိုဒေါင်ထဲထည့်၊ ထိုဆန်ကိုပင် ကျွန်တော်တို့ ဒယ်အိုး ကြီးများနှင့် ချက်စားခဲ့ကြသည်များ၊ စပါးသိမ်းပြီး လယ်များ ထဲတွင် ဗိုလ်ကိတ်ပဲ၊ မတ်ပဲများ ဆက်စိုက်ခဲ့ရသည် များအားလုံး အမှတ်ရပါသည်။ ပရဟိတစိတ်ဓာတ်၊ ခေါင်းဆောင်မှု၊ လုပ်ငန်းအတွေ့အကြုံများ ရရှိခဲ့ သော နေရာဌာနတစ်ခုဖြစ်ခဲ့သလို စစ်တက္ကသိုလ် ဗိုလ်လောင်းဖြစ်ခဲ့ခြင်းသည်လည်း ပရဟိတကျောင်း ၏ ကျေးဇူးမကင်းဟု အမြဲမှတ်ယူခဲ့ပါသည်။ “မိုခါ” မှသည် လူမှုဝန်ထမ်းဦးစီးဌာနအကြောင်း စကား စပ်မိရင်းက ကျွန်တော်၏ငယ်ဘဝအကြောင်းများကို ပြောပြမိနေပါပကော။ သည်းခံခွင့်လွှတ်တော်မူကြ ပါကုန်။

**ဘဏ္ဍာငွေများရှာဖွေထိန်းသိမ်းဖြန့်ခွဲပေးလှူ**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီ၏အောက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက တာဝန်ယူဆောင်ရွက်ရသော ကော်မတီ တစ်ခုမှာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီဖြစ်ပါသည်။ ယင်းကော်မတီ အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတကာအကူအညီ အထောက်အပံ့များကို စနစ်တကျလက်ခံရယူ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ စစ်တွေမြို့ သင်္ကေပြင် IDP စခန်း၌ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

> **“သဘာဝဘေးတစ်ခု ကျရောက်လာပြီဆိုလျှင် လူ၊ တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့ကို အနည်းနှင့်အများကြုံကြရသည်။ ထိုသို့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် (ထိခိုက်လွယ်အုပ်စုဟုသတ်မှတ်ထားသည့်) ကလေးသူငယ်၊ အမျိုးသမီးဦးဆောင်သူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများအနေဖြင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းသို့သော စိတ်ပိုင်းဆိုင်ရာခံစားမှုများ လျော့နည်းပပျောက်စေရန် နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ လိုအပ်သည်တို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း စသည်တို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးကြီးသောနေရာမှပါဝင်”**

ဖြန့်ဝေလှူဒါန်းထောက်ပံ့ပေးသကဲ့သို့ ပြည်တွင်းမှ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကိုလည်း လက်ခံရယူခဲ့ပါသည်။ ယင်းကော်မတီသို့ လှူဒါန်း သည့် နိုင်ငံတကာအလှူရှင်များထဲတွင် AHA Centre၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ အိန္ဒိယ နိုင်ငံအစိုးရ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ အင်ဒိုနီးရှား နိုင်ငံအစိုးရ၊ သီရိလင်္ကာနိုင်ငံအစိုးရ၊ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ၊ ယူနန်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေး အသင်း၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ တရုတ်နိုင်ငံသံရုံး၊ ထိုင်းနိုင်ငံတော်ဝင်မိသားစု၊ ထိုင်း ကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေး အသင်း၊ ထိုင်းပုဂ္ဂလိကကုမ္ပဏီများ၊ ပါကစ္စတန်သံရုံး၊ Thai Red Cross Society (ထိုင်းနိုင်ငံ)၊ Board of Trade (ထိုင်းနိုင်ငံ)၊ PTT (ထိုင်းနိုင်ငံ)၊ Jelly Ohmmy Company (ထိုင်းနိုင်ငံ)၊ Sea Valued Company (ထိုင်းနိုင်ငံ)၊ ဦးဝမ်ကျားဟွာ DV Group (ကမ္ဘောဒီးယားနိုင်ငံ)၊ Global Pharma Healthcare PVT LTD (အိန္ဒိယနိုင်ငံ)၊ Siam Cement Group (ထိုင်းနိုင်ငံ)၊ Yunnan Commercial Represen- tative Office in Myanmar တို့ ပါဝင်ကြောင်း တွေ့ရသည်။

**ASEAN – ERAT အဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာ**

ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သွားပြီးနောက် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN – ERAT ) မှ အဖွဲ့ဝင် ၁၀ ဦး၊ မြန်မာနိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ERAT အဖွဲ့ဝင်လေးဦး စုစုပေါင်း ၁၄ ဦးတို့သည် ၂၀၂၃ ခုနှစ် မေလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရခိုင် ပြည်နယ် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့သို့ သွားရောက်၍ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှု များ ပြုလုပ်ခဲ့သည်။ ယင်းသို့ပြုလုပ်ရာတွင် မျက်မြင် လေ့လာခြင်း၊ အဖွဲ့လိုက်မေးမြန်းခြင်း၊ တာဝန်ရှိသူ များအား တွေ့ဆုံမေးမြန်းခြင်း၊ Secondary Data များကို လေ့လာခြင်းများပြုလုပ်၍ အစားအစာနှင့် အာဟာရ၊ အမိုးအကာနှင့် အစားအစာ မဟုတ်သော ပစ္စည်းများ၊ ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အများပိုင်လုပ်ငန်းနှင့် အခြေခံ အဆောက်အအုံလိုအပ်ချက်တို့ကို ဆန်းစစ်လေ့လာ တင်ပြခဲ့ပါသည်။ ကာလလတ်နှင့် ကာလရှည် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဟူ၍ ခွဲခြားဖော်ပြ ပေးခဲ့သည်။

**PSS အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်**

သဘာဝဘေးတစ်ခု ကျရောက်လာပြီဆိုလျှင် လူ၊ တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့ကို အနည်းနှင့်အများ ကြုံကြ ရသည်။ ထိုသို့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် (ထိခိုက်လွယ်အုပ်စု ဟုသတ်မှတ်ထားသည့်) ကလေးသူငယ်၊ အမျိုးသမီး ဦးဆောင်သူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများ အနေဖြင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများ ဖြစ်ပေါ်လာ နိုင်ပါသည်။ ယင်းသို့သော စိတ်ပိုင်းဆိုင်ရာခံစားမှု များ လျော့နည်းပပျောက်စေရန် နှစ်သိမ့်ဆွေးနွေး ခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ လိုအပ်သည်တို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း စသည်တို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးကြီးသောနေရာမှ ပါဝင်ခဲ့ ၏။ လူမှုဝန်ထမ်းဦးစီးဌာနသည် “စိတ်လူမှုရေးပိုင်း ဆိုင်ရာ ပံ့ပိုးမှုအဖွဲ့ (Psycho Social Care and Support Team– PSS) အဖွဲ့များ ဖွဲ့စည်းကူညီ ဆောင်ရွက်ပေးခဲ့သည်။ ယင်းအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်ရသည့်ရည်ရွယ်ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်–

(က) နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးခြင်းဖြင့် စိတ်ဖိစီးမှုများ၊ စိတ်ဒဏ်ရာများ၊ တဖြည်းဖြည်းလျော့နည်း ပပျောက်သွားစေရန်၊

( ခ ) သဘာဝဘေးဒဏ်သင့် ရပ်ကွက်၊ ကျေးရွာ များသို့ မြေပြင်ကွင်းဆင်းသွားရောက် ဆောင်ရွက်ခြင်းဖြင့် ပကတိအခြေအနေ မှန်နှင့် မှန်ကန်သည့်သတင်းအချက် အလက်များ၊ လိုအပ်သည့်ချိတ်ဆက်မှုများ မြန်ဆန်စွာဆောင်ရွက်နိုင်ရန်။

ရခိုင်ပြည်နယ် “မိုခါ” မုန်တိုင်းဒဏ်သင့်ဒေသ များအတွက် PSS အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းစေလွှတ် ဆောင်ရွက်ခဲ့ပါသည်–

(က) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် အဖွဲ့ဝင်များသည် ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ စစ်တွေမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း

(ခ) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရသေ့တောင်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌လည်းကောင်း

(ဂ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှိုင် သဇင်ကျော်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျောက်တော် မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း

(ဃ) လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဦးနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ မြောက်ဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု များ၌လည်းကောင်း

(င) ဦးစီးအရာရှိ ဒေါ်နီနီမြင့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၅ ရက် နေ့အထိ မင်းပြားမြို့နယ်ရပ်ကွက်၊ ကျေးရွာ အုပ်စုများ၌လည်းကောင်း

(စ) ဦးစီးအရာရှိ ဒေါ်အေးစန္ဒာလှိုင်နှင့် အဖွဲ့ဝင် များသည် ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ မြေပုံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါသည်။

**ဂုဏ်ပြုဖော်ပြအပ်ပါသည်**

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” သည် ရခိုင်ပြည်နယ် အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပြည်နယ်အတွင်း ရှိ မြို့နယ် ၁၇ မြို့နယ်အနက် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့၌ ထိခိုက်ပျက်စီးမှုများပြားခဲ့ သည်။ နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီ၏ကြီးကြပ်ကွပ်ကဲမှု၊ ဝန်ကြီး ဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ လက်တွဲညီညီပူးပေါင်းဆောင်ရွက်မှု၊ မြို့နယ် အလိုက် တာဝန်ပေးထားသော တပ်မတော်အရာရှိ ကြီးများ၏ အနီးကပ်ကြပ်မတ်ဆောင်ရွက်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ စိတ်ရင်းစေတနာ ထက်သန်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ် အစရှိ သောဝန်ထမ်းများ၏ မွန်မြတ်သော ပေးဆပ်မှုတို့ဖြင့် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သလို အချိန်ကာလတို အတွင်းမှာပင် မြို့နယ်အသီးသီး၌ မူလအခြေအနေ ထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကူညီ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေး နိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး များနှင့်အတူ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာစန်းစန်းအေးနှင့် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးနှင့် ဝန်ထမ်း များ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများသည် လည်း မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်များနှင့်အညီ ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်ခဲ့ကြပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့မှု များအတွက် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားသွေးချင်း များကလည်း အမြဲထာဝရကျေးဇူးတင်ဝမ်းမြောက် လျက်ရှိနေမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသား တင်ပြအပ်ပါသည်။ ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ရန်ကုန်ဘဏ်ခွဲရှိဌာနများအား လှည့်လည်စစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲတွင် ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန၏ ငွေစစ်ခန်းမများနှင့် ငွေလဲကောင်တာ၌ ငွေကြေးလုပ်ငန်း စီမံဆောင်ရွက်နေမှု၊ စာရင်းဌာနမှ ဆောင်ရွက်လျက်ရှိသော CBM Net System ဖြင့် နေ့စဉ်ဆောင်ရွက်နေမှုများ CTS (Cheque Truncation System) နှင့်ပတ်သက်၍ ဘဏ်များအကြား စာရင်းရှင်းလင်းမှု လုပ်ဆောင်နေမှု၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်လျက်ရှိသော ERS (Electronic Reporting System) ဖြင့် နေ့စဉ်သတင်းပေးပို့မှုစနစ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနက ဘဏ်များနှင့်ဆောင်ရွက်လျက်ရှိသော MIS (Management Information System)၏ Reporting စနစ်များ စိစစ်ခြင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့စစ်ဆေးစဉ် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဌာနများ၌ အသုံးပြုလျက်ရှိသော နည်းစနစ်များ ပြည့်စုံမှန်ကန်ရေးနှင့် လုံခြုံမှုရှိစေရေး၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး၊ လုပ်ငန်းများကြန့်ကြာမှုမရှိဘဲ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းအင်အား လျှော့ချပြီး System များဖြင့် စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရေး၊ ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများအား မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၉) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် (၃၉) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (39th ASEAN Capital Markets Forum – ACMF Chairs' Meeting and International Conference) နှင့် (Technical Workshop) များသို့ တက်ရောက်ခဲ့သည်။




**တက်ရောက်**

အောက်တိုဘာ ၁၆ ရက်က (၃၉) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးကြီးကြပ်မှုအေဂျင်စီမှ Chief Executive of Capital Market Supervisor Mr. Inarno Djajadi ကလည်းကောင်း၊ ပူးတွဲသဘာပတိအဖြစ် လာအိုနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အထွေထွေအတွင်းရေးမှူး Mrs. Sengsourivong Fongchinda ကလည်းကောင်း ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် ကြီးကြပ်ရေးကော်မရှင် အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် International Sustainability Standards Board (ISSB) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွက် အာဆီယံစုပေါင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ် (ASEAN Collective Investment Schemes – CIS နှင့် လုပ်ငန်းဆောင်ရွက်သူများနှင့် နိုင်ငံတကာရန်ပုံငွေ (Operators and Foreign sustainable and responsible funds – SRF) ဆိုင်ရာ လက်စွဲစာအုပ်နှင့် စပ်လျဉ်းသည့် နောက်ဆုံးအဆင့်ပြင်ဆင်မှုများ၊ အာဆီယံအရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များ၊ Transition Finance Guidelines ထုတ်ပြန်မည့်ကိစ္စနှင့် Climate works Center (CWC) မှ ASEAN Voluntary Carbon Market Study နှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊ အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် လမ်းပြမြေပုံအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ASEAN Corporate Governance Scorecard ပြင်ဆင်မှုကိစ္စများ၊ ဒစ်ဂျစ်တယ် ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စည်းမျဉ်းထိန်းကျောင်းရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစံသတ်မှတ်သည့်အဖွဲ့မှထုတ်ပြန်သည့် ရေရှည်တည်တံ့ခိုင်မာသော လုပ်ငန်းများ၏ ဖွင့်ဟထုတ်ဖော်မှုစံနှုန်းများအပေါ် လက်ခံကျင့်သုံးနိုင်ရေး ဆောင်ရွက်သင့်သည့် အချက်များ၊ ACMF နှင့် IFRS Foundation အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဘဏ္ဍာငွေရရှိရေးအတွက် ထုတ်ဝေသည့် ငွေချေးစာချုပ်ကို ရင်းနှီးမြှုပ်နှံသူသတ်မှတ်ချက် Private Placement ဖြင့် ထုတ်ဝေခြင်းဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ACMF နှင့် IFRS အကြား ပံ့ပိုးကူညီမှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊ ACMF နှင့် IFRS အကြား သဘောတူလက်မှတ်ရေးထိုးမှု ပြုလုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အောက်တိုဘာ ၁၇ ရက်က အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှုတိုးမြှင့်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးအေဂျင်စီမှ ကော်မရှင်ဥက္ကဋ္ဌ Mr. Mahendra Siregar နှင့် Chief Executive of Capital Market Supervisor Mr. Inarno Djajadi နှင့် အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဌာန၏ ဘဏ္ဍာရေးအကြီးတန်း ညွှန်ကြားရေးမှူး(Senior Director Finance) Ms. Christine Engstrom တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ASEAN Taxonomy Version 2 ဆိုင်ရာ ကိစ္စရပ်များ၊ ကာဗွန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကာဗွန်နည်းသော စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းရာတွင် ကာဗွန်လျှော့ချမှုနှင့်စပ်လျဉ်းသည့် ထုတ်ဖော်မှုဆိုင်ရာ အခြေခံမှုများ၏ အရေးပါမှုများ၊ ASEAN Transition Finance Guidelines ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် လေ့လာမှု၏ရလဒ်များ၊ IFRS Sustainability Disclosure Standards ဆိုင်ရာ အသိပညာများ မြှင့်တင်ရန်နှင့် ISSB စံချိန်စံညွှန်းများ၊ ISSB စံနှုန်းများကို အကောင်အထည်ဖော်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အလားအလာများ၊ ASEAN Corporate Governance Scorecard (ACGS) ဆိုင်ရာ ကိစ္စရပ်များကို စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကော်မရှင်ဥက္ကဋ္ဌများပါဝင်သော စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၁၈ ရက်တွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ရေး နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် စာရင်းဝင်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ယခုဖိုရမ်တွင် ညှိနှိုင်းဆွေးနွေးမှုရလဒ်များကို အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်းနှင့် အာဆီယံအရင်းအနှီးဈေးကွက်များ ဖိုရမ်သည် ဒေသတွင်းအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူများ (Regulators)၏ အဆင့်မြင့်ဆွေးနွေးပွဲ တစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနတွင် ဂရင်းတန်-၁ အစေ့ထုတ်ပြောင်းနှင့် ရာသီထပ်နေကြာ သီးညှပ်စိုက်ပျိုးထားမှု စံပြစိုက်ခင်းကွင်းသရုပ်ပြပွဲ ကျင်းပ



ပင်လုံ အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ထိုင်းနိုင်ငံထုတ် ဂရင်းတန်-၁ အစေ့ထုတ်ပြောင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာနနှင့် မင်းမဟော်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည်။

အခမ်းအနားတွင် လွိုင်လင်ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ကာ မင်းမဟော်ကုမ္ပဏီမှ မျိုးစေ့ပညာရှင် ဦးစိုးမင်းမင်းက ဂရင်းတန်-၁ အစေ့ထုတ်ပြောင်း၏ အားသာချက်၊ မင်းမဟော်ကုမ္ပဏီမှ တိုင်းမန်နေဂျာ ဦးအောင်ဇော်ဖြိုးက မင်းမဟော်ကုမ္ပဏီမှတင်သွင်းသော မှိုသတ်ဆေးနှင့် မြေသြဇာအကြောင်း၊ အပင်ကြီးထွားအရွက်ဖျန်းအားဆေးများ စနစ်တကျ အသုံးပြုခြင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနတွင် စိုက်ပျိုးထားရှိသော ထိုင်းနိုင်ငံထုတ် ဂရင်းတန်-၁ အစေ့ထုတ်ပြောင်းနှင့် ရာသီထပ်နေကြာ သီးညှပ်စိုက်ပျိုးထားမှု စံပြစိုက်ခင်းအား ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးမိုးက ဦးဆောင်၍ ကွင်းဆင်းပြသခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုမှ တောင်သူ ၈၀ တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် စစ်တက္ကသိုလ်တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့အား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ သွားရောက်လေ့လာကြပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး ဦးဆောင်သည့် တက္ကသိုလ်ပညာရပ်အဖွဲ့များနှင့် တွေ့ဆုံ၍ တက္ကသိုလ်ရှိ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းတို့တွင် သင်ခန်းစာများပို့ချရေး၊ တက္ကသိုလ်ရှိ သင်ကြားရေး ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချရေးနှင့် ရုရှားဘာသာစကား သင်ကြားပို့ချနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများ အခြေခံစစ်ရေးပြနှင့် လက်နက်ငယ်ဘာသာရပ် သင်ခန်းစာသင်ယူလေ့ကျင့်နေမှု၊ တက္ကသိုလ်စက်ပစ်ကွင်း၌ လက်တွေ့ပစ်ခတ်လေ့ကျင့်နေမှု၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၄) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) တို့တွင် သင်ခန်းစာများ ပို့ချနေမှုနှင့် သင်တန်းအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ ကျောင်းအုပ်ကြီးက စစ်တက္ကသိုလ်၏ နောက်ခံသမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တက္ကသိုလ်ပြတိုက်နှင့် ဗိုလ်လောင်းတပ်ရင်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး ဦးဆောင်သည့် တက္ကသိုလ်ပညာရပ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်တွင် လေ့လာစဉ်။

## လူငယ်ရေးရာကဏ္ဍ

### ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းကျင်းပ

**ချမ်းမြသာစည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာကျော်သီဟက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးကလူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးခဲ့ပြီး အဆိုပါ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်ပညာရေး”၊ “လူငယ်နှင့်မူးယစ်ဆေးဝါး”၊ “လူငယ်နှင့် ယဉ်ကျေးမှု”၊ “လူငယ်နှင့်နည်းပညာ”၊ “သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး”၊ “ကျား/မတန်းတူ ညီမျှရေး” ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် စကားဝိုင်းသို့ တက်ရောက်လာသော လူငယ်လေးများက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ချမ်း/ စည်)**

### ပန်းတောင်းမြို့နယ်၌ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းထိုက်စိုးက ကျန်းမာရေးနှင့်ပတ်သက်သည့်အကြောင်းအရာများဖြင့် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ် ကျော်ကျော်ဦးက မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူး ဒေါ်စောမာလာက လူငယ်များအားကစားလှုပ်ရှားမှုဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် ဗလငါးတန်အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းက မီးလောင်မှုသိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ မြို့နယ်ပညာရေးဦးစီးဌာန ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေက လူငယ်နှင့်အရည်အသွေးရှိသော ပညာသင်ယူနိုင်ရေး အခွင့်အလမ်းခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



### တာလေမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**တာလေ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့ ညနေပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး “လူငယ်နဲ့စာပေ”ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် နိုင်ငံတော်၏တာဝန်ကို လက်ဆင့်ကမ်းသယ်ပိုးသွားရမည့် နိုင်ငံ့ခေါင်းဆောင်လောင်းများလည်းဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန် စာအုပ်စာစောင်များအား လေ့လာဖတ်ရှုကြရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိကာ အသိဉာဏ်ပညာများ ကြွယ်ဝပြည့်စုံလာမည်ဖြစ်ကြောင်းနှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များက ဖတ်ရှုလေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



# ပဲခူးမြို့၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပဲခူး အောက်တိုဘာ ၁၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေး လျှော့ချရေး ကမ္ဘာ့မူဘောင်ဖြစ်သည့် ဆန်ဒိုင်း မူဘောင်အရ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက်အဝန်းဖြစ်ရန်နှင့် ဘေးဒဏ်ခံနိုင်ရည်စွမ်းမြင့်မားသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ကြရန်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မညီမျှမှုများ မရှိစေရန် ယခု ၂၀၂၃ ခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်ကို “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့” ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ ၁၇ ဖွဲ့တို့အား ဂုဏ်ပြုငွေ၊ ဂုဏ်ပြုမှတ်တမ်းနှင့် စားသုံးကုန်များကို လည်းကောင်း ပေးအပ်ခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက နေအိမ်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ပျက်စီးခဲ့သည့် အိမ်ထောင်စုအားထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်း ၁၇ မျိုး ထောက်ပံ့ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့က ပဲခူးမြို့ ရေကြီးနစ်မြုပ်မှုကြောင့် အိမ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည့် ရပ်ကွက် ၁၄ ခုမှ အိမ်ထောင်စု ၅၂၆ စုအတွက် မီးဖိုချောင်သုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာသတင်းစကားရုပ်သံ Video Message နှင့် မိုခါမုန်တိုင်း တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုအား ကြည့်ရှုခဲ့ကြပြီး ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပဲခူးမြို့ ရေဘေးနစ်မြုပ်မှုပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး မြန်မာကျဲကျန်း တရုတ်ကုန်သည်ကြီးများအသင်းက အိမ်ထောင်စု ၅၀၀ အတွက် ငွေကျပ်သိန်း ၂၁၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်တို့ကို လည်းကောင်း၊ ပဲခူးမြို့ Brothers စက်သုံးဆီရောင်းဝယ်ရေးမိသားစုက ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အခမ်းအနား ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၈

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်ပွားမှုအကြိမ်ရေ များလာမှုနှင့် ပိုမိုပြင်းထန်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်း ဆောင်ရွက်ခြင်းဖြင့် မရနိုင်ဘဲ အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့် မိမိဒေသတွင် သဘာဝဘေး လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုများ၊ သဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မွန်ပြည်နယ်အတွင်း ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူမှုအသိုက်အဝန်းတစ်ခု ဖြစ်လာစေရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာသတင်းစကားရုပ်သံ (Video Message) အား ပြသခြင်း၊ မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့ စင်တင်ပြဇာတ်တို Video အား ပြသခြင်း၊ မိုခါမုန်တိုင်း တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းတင် Video ပြသနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဗ္ဗသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သုခဒီပရပ်ကွက်၊ ညောင်လူးကျေးရွာအုပ်စု၊ လယ်သာကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စု၊ ကျည်တောင်ကန် (၁)ရပ်ကွက်၊ ကျည်တောင်ကန် (၂)ရပ်ကွက်၊ ကျည်တောင်ကန် (၃)ရပ်ကွက်၊ ကျည်တောင်ကန်(၄)ရပ်ကွက်၊ ကျည်တောင်ကန် (၅)ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။



ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်း အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ စမ်းသပ်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက မဲရုံအဖွဲ့ဝင်များ တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရသည့် ထိန်းချုပ်စက်အား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ထိန်းချုပ်စက်မှ မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းနှင့် မဲပေးချက် ဖော်ပြသည့်စက်တွင် ပါဝင်သော မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများ အရေအတွက်တူညီမှုရှိကြောင်းနှင့် မှန်ကန်မှုရှိကြောင်း တိုက်ဆိုင်စစ်ဆေးခြင်း စသည့် လုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများသို့ နံနက်ပိုင်းတွင် မဲဆန္ဒရှင်ပြည်သူ ၂၁၆ ဦး၊ မွန်းလွဲပိုင်းတွင် မဲဆန္ဒရှင်ပြည်သူ ၂၁၀ တက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲ ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အချိန်မီသိ၊ အချိန်မီဆောင်ရွက်တုံ့ပြန်နိုင်မှသာ ကျရောက်လာသည့် ဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်မှာဖြစ်

ပုသိမ် အောက်တိုဘာ ၁၈

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။





**ပြောကြား**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် စုစုပေါင်းဘေးဖြစ်ပွားမှု ၃၂၂ ကြိမ်ရှိခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်များကိုကြည့်ခြင်းအားဖြင့် ရာသီဥတု ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ ဘက်ညီမျှမှု မရှိသော ဖွံ့ဖြိုးတိုးတက်မှုကြောင့်သော်လည်းကောင်း လက်ရှိကြုံတွေ့နေရသော အန္တရာယ်ကျရောက်နိုင်ခြေများသည် အဆများစွာ တိုးပွားလာနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြစ်ပွားသည့် ဘေးအန္တရာယ်များအနက် ၅၀ ရာခိုင်နှုန်းကျော်သည် လေပြင်းဘေးဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လေပြင်းဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန် ရည်ရွယ်ပြီး ရပ်ရွာအတွင်းရှိ ကြံ့ခိုင်မှုအားနည်းသော အိုးအိမ်များကို အားဖြည့် မွမ်းမံပြုပြင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ပထမဦးစွာ ထိခိုက်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်သည့်အပိုင်းက ပိုအရေးကြီးကြောင်း၊ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင်လည်း ကြိုတင်သတိပေးစနစ်နှင့် ကြိုတင်ပြင်ဆင်ခြင်းစနစ်က လွန်စွာကောင်းမွန်ရမှာဖြစ်ပြီး အချိန်မီသိ၊ အချိန်မီဆောင်ရွက် တုံ့ပြန်နိုင်မှသာ ကျရောက်လာသည့် ဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်သို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာ သတင်းစကား ရုပ်သံနှင့် မိုခါမုန်တိုင်း တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ်ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ အမှတ် (၃၃/၄၉) တွင် ပါတီရုံးချုပ်တည်ရှိသော **လေဘာပါတီ (Labour Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၁၀-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လေဘာပါတီ (Labour Party) ၏ အလံပုံစံ**

**လေဘာပါတီ (Labour Party) ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရန်ကုန် - ဂါယာ - ရန်ကုန် လေယာဉ်ခရီးစဉ် ပြန်လည်စတင်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာအမျိုးသားလေကြောင်း၏ ရန်ကုန် - ဂါယာ - ရန်ကုန် စင်းလုံးငှား လေယာဉ်ခရီးစဉ်ကို ယနေ့တွင် ပြန်လည်စတင်ပြေးဆွဲခဲ့သည်။




မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် မြန်မာစံတော်ချိန် ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခရီးသည် ၁၅၉ ဦး ပါဝင်သော Boeing 737-800 NG လေယာဉ်၊ ခရီးစဉ် အမှတ် UB - 7001 နှင့် ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အိန္ဒိယနိုင်ငံ ဂါယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ရန်ကုန် - ဂါယာ - ရန်ကုန် ခရီးစဉ်အား လာမည့်ပွင့်လင်းရာသီတစ်လျှောက် ပုံသန်းပြေးဆွဲ ပေးသွားမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူရန်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Sole Charterer Interconnection Travels သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၈

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါ Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်နှင့်အတူ အထောက်အကူပြုရေယာဉ်များဖြစ်သော LANPAN 30 (Call sign: 9V2670), LANPAN 34 (Call Sign: 9V2757) တို့ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Offshore Topside Installation လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41′ 48.39″ N | 92° 30′ 48.18″ E |
| B | 19° 41′ 48.92″ N | 92° 34′ 14.27″ E |
| C | 19° 38′ 33.72″ N | 92° 34′ 14.79″ E |
| D | 19° 38′ 33.20″ N | 92° 30′ 48.76″ E |

ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) နှင့်အတူ အထောက်အကူပြုရေယာဉ်နှစ်စင်းတို့ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေ ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အယ်လ်နီညို ရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြော

ဒိုက်ဦး အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေး မြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးထွန်းက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ငါးမွေးကန်များသို့ ကွင်းဆင်းပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ပြီး ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသော အသက်(၁)နှစ်မှ (၅)နှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

အထူးကုသမှုလိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သောကုသမှုများရရှိနိုင်စေရန် ရန်ကုန်နှင့် မန္တလေးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

**ဆေးကုသမှုများ ဆောင်ရွက်**

အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး (မုံရွာ)မှ အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာလူနာ ၁၄၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၆၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၁၄၂ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ကိုးဦး၊ အသည်းရောဂါဆိုင်ရာ လူနာ ၄၆ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာ လူနာ ၂၃၁ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၂၅၃ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါဆိုင်ရာလူနာ ၁၁၅ ဦး၊ မျက်စိရောဂါဆိုင်ရာ လူနာ ၄၆၅ ဦး၊ အထွေထွေခွဲစိတ်လူနာ ၄၁ ဦး၊ အရိုးရောဂါလူနာ ၂၃ ဦး အပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၅၃၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGDS) ရှစ်ဦး၊ အစာရေမျိုပြွန်သွေးကြောပေါက်ခြင်းအား သွေးကြောထုံးကုသခြင်း နှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း Procedure ဆောင်ရွက်မှု ၂၃ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ငါးဦး၊ သံလိုက်ဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (MRI) သုံးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၂၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၁၇၅ ဦး၊ Ultrasound ရိုက်ကူးခြင်း ၄၆ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၁၇၂ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသခြင်းအပြင် မျက်စိခွဲစိတ်ကုသမှု ၄၅ ဦးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။



လာရောက်ပြသသော လူနာများတွင် စစ်ကိုင်းတိုင်းဒေသကြီးအပြင် မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ ၁၄ ဦးကို မန္တလေးရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းခရီးစဉ် (၁၁)ကြိမ် ဆောင်ရွက်ပြီးဖြစ်ကာ အထူးကုဆေးကုသရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲသည် မွေးကင်းစမှ အသက်(၁၈)လအရွယ်အထိ ကလေးများအား ကာကွယ်ဆေး (၁၂) မျိုးကို အသက်အရွယ်အလိုက် ထိုးနှံ၊ တိုက်ကျွေးပေးလျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် အသက်(၉)နှစ်ပြည့်ပြီး မိန်းကလေးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အသက်အရွယ်အလိုက် ထိုးနှံရသည့်ကာကွယ်ဆေးများ ထိုးနှံရန်ကျန်ရှိသည့် အသက် (၅)နှစ်အောက် ကလေးများကိုလည်း Catch-up (အမီလိုက်) နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပြည်သူ့ဆေးရုံကြီး (မုံရွာ)မြို့ ကာကွယ်ဆေးထိုးစုရပ်၌ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုံရွာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့က အသက် (၁) နှစ်မှ (၅)နှစ်အတွင်း ကာကွယ်ဆေး လုံးဝမရရှိသေးသည့် ကလေးများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်မရရှိသေးသည့် ကလေး ၇၅ ဦး၊ အသက် (၁) နှစ်အောက် ပုံမှန်ကာကွယ်ဆေးထိုးနှံရမည့် ကလေး ၁၆၅ ဦး စုစုပေါင်း ၂၄၀ တို့ကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများဖြစ်သည့် ပိုလီယို အစက်ချကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး(MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး(Penta)များ ထိုးနှံ၊ တိုက်ကျွေးပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပြည်သူ့ဆေးရုံကြီး (မုံရွာ)၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား ဒေသထွက်လက်ဆောင်များကိုလည်းကောင်း၊ မျက်စိခွဲစိတ်ကုသမှုခံယူသည့်လူနာများအား မျက်မှန်နှင့် ဆေးဝါးများကိုလည်းကောင်း လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Myanmar Distribution Group (MDG) Co.,Ltd. မှ အာမခံအလုပ်သမား ဦးကျော်စွာထွန်း၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံ ဒေါ်သန္တာဝင်း(ဒုတိယညွှန်ကြားရေးမှူး)က နှုတ်ခွန်းဆက်အမှာစကားနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးကျော်စွာထွန်း၏ဇနီးအား ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၁၅၀၀၀၀၀၀ နှင့် အာမခံအလုပ်သမား နှစ်ဦး၏ ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေကျပ် ၁၁၀၀၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အေးက အာမခံ အလုပ်သမား သုံးဦး၏ ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေ ၁၇၈၉၂၈၅ ကျပ် ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံ ဒေါ်ရတနာခင်က အာမခံအလုပ်သမား နှစ်ဦး၏ ဆေးဖိုး စိုက်ထုတ်ကုန်ကျငွေကျပ် ၁၆၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းငွေ ၁၉၅၃၉၂၈၅ ကျပ်အား ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ အလုပ်ရှင်/ အလုပ်သမားကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)ရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန စိုက်ပျိုးမွေးမြူရေး စခန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက သထုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများသို့ရောက်ရှိပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သထုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သော သင်ထောက်ကူပစ္စည်းများနှင့် ဘောလုံးကွင်းပြေးလမ်း လိုအပ်ချက်များအပေါ် ဝန်ကြီးဌာန အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့သို့ ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ ဆက်သွယ်မည့် ကလွီရွာ ရောင်ကွင်းမြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတို့သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း လှည့်လည် ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ပေကျင်းမြို့တော်၌ ယနေ့ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံအရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့် ရုရှားနှစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာတရားမျှတမှုကို ထိန်းသိမ်းရန် ကမ္ဘာတစ်ဝန်းဘုံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်သွားမည်ဟု သမ္မတရှီကျင့်ဖျင်က ဆိုသည်။

လက်ရှိအခြေအနေများကို ရင်ဆိုင်ရာတွင် နှစ်နိုင်ငံအနေဖြင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ပူတင်က ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမအကောင်အထည်ဖော်ဆောင်ရွက်မှုကို အသိအမှတ်ပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်ရန် ကတိကဝတ်ပြုထားကြောင်း သိရသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်အပါအဝင် အင်ဒိုနီးရှားနှင့် ကာဇက်စတန်ခေါင်းဆောင်များနှင့် အခြားသောနိုင်ငံခေါင်းဆောင်များလည်း တက်ရောက်ကြသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်



# ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံတိုက်ခိုက်မှုအတွင်း လူ ၅၀၀ ထက်မနည်းသေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၁၈**

ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံတစ်ရုံတွင် အောက်တိုဘာ ၁၇ ရက်နေ့ တိုက်ခိုက်မှုအတွင်း သေဆုံးသူအားလုံးမှာ အရပ်သားပြည်သူများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက်မှာ ၅၀၀ ထက်မနည်းရှိပြီဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြားပဋိပက္ခများ ဖြစ်ပွားခဲ့ရာတွင် ယခင်က ဆေးရုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း မရှိခဲ့သည့်အတွက် အခြားဆေးရုံများအလားတူ တိုက်ခိုက်ခံရမည်ကို စိုးရိမ်ကြောင်း ၎င်းတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

အောက်တိုဘာ ၁၇ ရက်က ဂါဇာကမ်းမြောင် အလယ်ပိုင်းခရိုင်များမှာ ပြင်းထန်သည့် ဗုံးပေါက်ကွဲမှု အများအပြားဖြစ်ပွားခဲ့ပြီး ဒေသတွင်းရှိ ဆေးရုံအဆောက်အအုံ ထိခိုက်ပျက်စီးခဲ့ကြောင်း အာရပ်မီဒီယာများက ပြောကြားသည်။



Al Hadath ရုပ်မြင်သံကြားဌာနက ပေါက်ကွဲမှုများသည် အစ္စရေးလေတပ်မှ ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုဟု သတ်မှတ်ခဲ့သည်။ ဂါဇာကမ်းမြောင်ရှိ ဆေးရုံသို့ ဒုံးကျည်ပစ်လွှတ်မှုတွင် ဟားမတ်စ်အဖွဲ့တာဝန်ရှိသည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

၎င်းတိုက်ခိုက်မှုအား တရုတ်နိုင်ငံက ရှုတ်ချကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးနှင့် အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးအတွက် တောင်းဆိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၌ ပထမကိုးလအတွင်း လေကြောင်းအသုံးပြုခရီးသွားသူ ၃ ဒသမ ၇ သန်းရှိ

**ဖနောင်ပင် အောက်တိုဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမကိုးလတာကာလအတွင်း လေကြောင်းအသုံးပြုခရီးသွားသူ ၃ ဒသမ ၇ သန်းနီးပါးရှိကြောင်းနှင့် ယင်းအရေအတွက်သည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆၂ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း မြို့ပြလေကြောင်းဌာနမှ တာဝန်ရှိသူ ဆင်းချန်စီရေးဗူသာက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

**မြင့်တက်မှုရှိ**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ် အကြိမ်ရေ ၃၇,၂၀၀ ပြေးဆွဲခဲ့ကြောင်းနှင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၀၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းသို့ ကမ္ဘောဒီးယားနိုင်ငံ၌ လေကြောင်းအသုံးပြုခရီးသွားသူ အရေအတွက်မြင့်တက်လာခဲ့သော်လည်း ကုန်တင်လေယာဉ်ပြေးဆွဲမှုအကြိမ်ရေမှာ ကျဆင်းခဲ့ကြောင်း မြို့ပြလေကြောင်းဌာနမှ တာဝန်ရှိသူ ဆင်းချန်စီရေးဗူသာက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အောက်တိုဘာ ၁၆ ရက်က စတင်လုပ်ငန်းလည်ပတ်ခဲ့သော ဆီရမ်ယိ-အန်ကောအပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်းလည်း မြို့ပြလေကြောင်းဌာနမှ တာဝန်ရှိသူ ဆင်းချန်စီရေးဗူသာက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်



# တူကီယဲနိုင်ငံက ဂါဇာဒေသသို့ ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိ

**အန်ကာရာ အောက်တိုဘာ ၁၈**

တူကီယဲနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသသို့ ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိကြောင်း တူကီယဲနိုင်ငံကျန်းမာရေးဝန်ကြီး ဖာရက်တီကိုကာက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

တူကီယဲနိုင်ငံသည် လက်ရှိအချိန်တွင် ဂါဇာဒေသသို့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဖာရက်တီကိုကာက ဆက်လက်ပြောကြားသည်။

တူကီယဲနိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသအကြား နယ်စပ်ဆုံမှတ်ဖြစ်သော ရာဖာဒေသအနီးရှိ ပါလက်စတိုင်းနိုင်ငံသားများကိုလည်း ကျန်းမာရေးဝန်ဆောင်မှုများ အထောက်အပံ့ပေးမည် ဖြစ်ကြောင်းလည်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံတစ်ခုတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ခြင်းကြောင့် ပါလက်စတိုင်းနိုင်ငံသား ၄၇၁ ဦး သေဆုံးခဲ့ပြီး အခြားသောလူပေါင်း ၃၁၄ ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် တူကီယဲနိုင်ငံက ဂါဇာဒေသသို့ ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်ခဲ့ခြင်းလည်း ဖြစ်သည်။

ပါလက်စတိုင်း အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့ (ဟားမတ်စ်)သည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံအား ထောင်ပေါင်းများစွာသော ဒုံးကျည်များဖြင့် ရုတ်တရက်တိုက်ခိုက်ခဲ့ပြီး ယင်းအချိန်မှစ၍ လက်ရှိအချိန်အထိ နှစ်ဖက်စလုံးတွင် လူပေါင်း ၄၀၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်



# အိန္ဒိယနိုင်ငံက ၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူး စေလွှတ်မည်

**နယူးဒေလီ အောက်တိုဘာ ၁၈**

အာကာသယာဉ်မှူးတစ်ဦးကို ၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ စေလွှတ်ရန် စီစဉ်ထားကြောင်း အိန္ဒိယအစိုးရက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

**ပထမဆုံးနိုင်ငံဖြစ်လာ**

အိန္ဒိယနိုင်ငံသည် လဆင်း အာကာသယာဉ်ကို ဩဂုတ်လတွင် လ၏တောင်ဝင်ရိုးစွန်းအနီး ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ယင်းသို့အောင်မြင်ပြီးနောက် အိန္ဒိယနိုင်ငံသည် နေကိုလေ့လာရန် ဒုံးပျံတစ်စင်းကို လွှတ်တင်ခဲ့သည်။ Bharatiya Antariksha Station ဟု အမည်ရသည့် အိန္ဒိယအာကာသစခန်းကို ၂၀၃၅ ခုနှစ်တွင် တည်ထောင်ရန်နှင့် ၂၀၄၀ ပြည့်နှစ်တွင် ပထမဆုံး အိန္ဒိယအာကာသယာဉ်မှူးကို လကမ္ဘာသို့ စေလွှတ်ခြင်းအပါအဝင် ရည်မှန်းချက်သစ်များ ချမှတ်သင့်သည်ဟု ဝန်ကြီးချုပ်မိုဒီက ညွှန်ကြားခဲ့သည်။

၎င်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် အာကာသဌာနသည် လရှာဖွေရေး လမ်းပြမြေပုံကို ရေးဆွဲသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

ထို့ပြင် သောကြာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်သို့ လေ့လာရေးမစ်ရှင်များ စေလွှတ်ရန် သိပ္ပံပညာရှင်များကို မိုဒီက ညွှန်ကြားထားသည်။

ကိုးကား – စီဂျီတီအင်န်

ဘာသာပြန် – စိုးသူရ

# ချန်ရန်ပန်(ခ)ပေါက်အိုက်ပန်းနှင့် ရှောက်ရန်ပန်(ခ)ဟော်ချွင်ထင်တို့ကို ဥပဒေအရ အရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ထား



ချန်ရန်ပန်(ခ)ပေါက်အိုက်ပန်း



ရှောက်ရန်ပန်(ခ)ဟော်ချွင်ထင်

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနယ်မြေအတွင်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော ချန်ရန်ပန်(ခ)ပေါက်အိုက်ပန်းနှင့် ရှောက်ရန်ပန်(ခ)ဟော်ချွင်ထင်တို့ကို ဥပဒေအရ အရေးယူရန်အတွက် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဟိုပန်ခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို အခကြေးငွေရယူ၍ ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သူများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

နေပြည်တော် အောက်တိုဘာ ၁၈

အမျိုးသမီးများကို အခကြေးငွေရယူ၍ ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သူများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မေဖုန်း(ခ)ကေသီမြင့်နှင့် ရန်ကင်းမြို့နယ်နေ မေသဇင်(ခ)ဇင်ငယ်တို့က ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်လိုပါက တစ်လလျှင် ငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းအထိ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး အခကြေးငွေရယူ၍ မကွေးတိုင်းဒေသကြီး အောင်လံမြို့နေ မ ---၊ ၂၀/၂၂ နှစ်ပါ လေးဦးတို့အား ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သဖြင့် အောင်လံမြို့မရဲစခန်းက (ပ) ၁၀၁/၂၀၂၂၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့်လည်းကောင်း၊ လိပ်စာတူ ဒေါ်---၊၃၆/၂၂ နှစ်အား ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သဖြင့် အောင်လံမြို့မရဲစခန်းက (ပ)၁၁၆/၂၀၂၂၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့်လည်းကောင်း အမှုရေးဖွင့်ခဲ့ပြီး အောင်လံမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် မေဖုန်း(ခ)ကေသီမြင့်နှင့် မေသဇင်(ခ)ဇင်ငယ်တို့ကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ အမှုတစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ပရိဘောဂပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၂၀ မိုင် ၆ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Cat Litter (ကြောင်သဲ) ၁၅၆၀ ကီလိုဂရမ်၊ Auto Transfer Switch လေးခု၊ Stanford Diesel Generator တစ်စုံအပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၂၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၉၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ်အတွင်း၌ တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၁၆ တန်၊ ကျွန်းခုတင် (အကြမ်း) လေးလုံးနှင့် ကျွန်းဆက်တီ (အကြမ်း) နှစ်လုံး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၂၆၂၀၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၇ ရက်က ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ မင်္ဂလာ မူဆယ်အနီးရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Ceramic Tile ၃၀၅၆ ချပ် အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၈၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကြာဆံအပြာ ထုပ် ၉၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Innoplus Low Density Polyethylene ကီလိုဂရမ် ၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် ညောင်ခါးရှည် X-Ray စက်၌ မြဝတီမြို့မှပုသိမ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဟင်းသီးဟင်းရွက်ဆီ ၆၀၀ လီတာ၊ Honda Wave Alpha ဆိုင်ကယ်နှစ်စီး အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၅၇၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၄၂၇၂၄ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၅၈၇၂၇၂၄ ကျပ် ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၃၃၈၇၆၉၂၈ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ချမ်းမြေ့စေမှာပနေး...မင်္ဂလာမန္တလေး
- ၀၉:၁၅ NRC အစီအစဉ်(ရခိုင်) 'အလှပြာဝေ..လေးဝတီတို့ဌာနေ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ (အပိုင်း-၄)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဆေး**' (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လေနှင်ရာခရီး**' (အပိုင်း-၃၄)
- ၁၅:၀၀ မျိုးဝုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း**' (အပိုင်း-၄၁)
- ၁၆:၃၅ (၂၄)ကြိမ်မြောက်အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ "အကပြိုင်ပွဲ" အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ '**လျှို့ဝှက်လရောင်**' (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လေနှင်ရာခရီး**' (အပိုင်း-၃၇)

### mitv

- 07:01 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
- 07:08 Bagan Choral Dance
- 07:14 Discovering Tribes: Myaung Zee (or) Hmong: their life and customs
- 07:47 Lotus Light in Labyrinth
- 08:01 News
- 08:26 A Journey To Southern Shan State (Ep-3)
- 08:42 The Lapidarist
- 09:01 Myanmar Marionette
- 09:30 Traditional Snacks
- 09:36 Ocularist
- 10:01 News
- 10:27 Topical Topics (No. 40) Seek Changes to Overcome Difficulties And Challenges in Life

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အရသာရှိသောမွန်ပြည်နယ်ကကျဲကောသီး

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ကျောက်တော်တောင်ပွဲ(ဗုဒ္ဓပူဇနီယပွဲတော်)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲ မြန်ရခြင်းအကြောင်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကျိုင်းတုံမြို့(၇)ထပ်ရေတံခွန်သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဝိုင်းမော်အထင်ကရနေရာသို့အလည်တစ်ခေါက်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အသက်အရွယ်ရလာသူများရေပိုသောက်သင့်သော အကြောင်းရင်းများ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ဆောင်းတွင်းမှာ တစ်မူထူးခြားပြီး သာယာလှပတဲ့ ဖလမ်းမြို့

**ချင်း(ချို) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချို)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍ(အပိုင်း-၂)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**တစ်လင်နှင့်တစ်မယား**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်ပျိုးပညာ သင်ယူပါလူငယ်ဘဝတစ်သက်တာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ချန်ပီယံလေး(ဇာတ်လမ်း) ဒါရိုက်တာ-ကိုဇော် (အရက်ဦး) သရုပ်ဆောင်-အားသစ်၊ ခန့်စည်သူ
- ၂၂:၀၀ The Young Urban Farmers Growing Tomorrow's Superfoods
- ၂၃:၀၀ 101 Futuristic Agriculture Machines That are Next Level - 56

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၂၀ ပညာပေးဇာတ်လမ်း "ဥပါဒ်"

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနား တက်ရောက်

မုံရွာ အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အတွက် သဘာဝဘေးအန္တရာယ်နှင့် မညီမျှမှုကြား အပြန်အလှန်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို အသိသတိရှိစွာဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန်နှင့် ယခုနှစ်အတွင်း ဖြစ်ပေါ်လာနိုင်သည့်အယ်လ်နီညို (အပူလွန်ကဲခြင်း) ရာသီဥတုဖြစ်စဉ်အား အထူးဂရုပြုနေထိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုလသမဂ္ဂဘေးအန္တရာယ်လျှော့ပါးရေးရုံး (UNDRR)မှ ပေးပို့သော ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာ သတင်းစကားရုပ်သံ Video Massage၊ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ပြဇာတ် ဇာတ်လမ်း ဗီဒီယိုနှင့် မိုခါမုန်တိုင်းတုံ့ပြန် ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းတင်ဗီဒီယိုတို့အား ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု လက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ပြခန်းတွင် ပြသထားသော သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## ကျိုက်မရောဒ် နွေစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ကျိုက်မရော အောက်တိုဘာ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာ ၄၅ ရွာမှ နွေးစပါး၊ ဆောင်းသီးနှံ မျိုးစုံ စိုက်ပျိုးမည့်တောင်သူများအား စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ကျိုက်မရောမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နွေစပါး ဧက ၅၆၇၀၊ မြေပဲ ၄၈၈ ဧက၊ နှမ်း(ဆောင်း) ဧက ၂၄၀၊နေကြာ ၁၀၅၃ ဧက၊ မတ်ပဲ ၁၁၅၇ ဧက၊ ပဲတီစိမ်း ၉၇၇ ဧက၊ ဗိုလ်ကိတ် ၈၀၉ ဧက၊ ပဲပုပ် ၂၁၃ ဧက၊ ပဲလွမ်း၁၇၅ ဧက တို့ကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**မိချို (ပြန်/ဆက်)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း လှည်းကူးမြို့နယ် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ထောက်ပံ့

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအစီအစဉ်ကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။



ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ယာယီရေဘေးရှောင်စခန်းနှင့် မုဆိုးညောင်ပင်ကျေးရွာ၊ ကျွန်းကုန်းကျေးရွာ၊ ဘိုးရင်းကလေးကျေးရွာတို့မှ အိမ်ထောင်စု ၄၂၅ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ခေါက်ဆွဲခြောက်ထုပ် ၃၀ ပါတစ်ဖာ၊ ငါးသေတ္တာငါးဘူး၊ အိုဗာတင်းတစ်ပါကင်၊ မုန့်ကြွပ်အထုပ်ကြီး တစ်ထုပ်၊ ဆပ်ပြာမွှေးတစ်တုံး၊ ဓာတ်ဆားတစ်ထုပ်၊ လက်သန့်ဆေးရည် တစ်ဘူးတို့ကို ပေးအပ်ပြီး အိမ်ထောင်စု ၁၆၇ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ အသင်းအချိန်ပြည့်အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာဒေါ်ရီရီတင်၊ အချိန်ပိုင်းအလုပ်အမှုဆောင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဦးဇော်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြော

ဖလမ်း အောက်တိုဘာ ၁၈

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းက မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါး မြစ်ဖျားခံရာဒေသများ၊ မူးယစ်ဆေးဝါး ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ပြုလုပ်ပါက အရေးယူခံရမည့် ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲမြင့်အောင်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Thi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာကန့်လန့်ကျေးရွာနေ အောင်သီအား နံနက် ၃ နာရီတွင် ဘိုကလေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

### အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဇေယျာသီရိမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကံသာအေးကျေးရွာရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက သင်တန်းသူများအနေဖြင့် ပို့ချသင်ကြားပေးခဲ့သော ပညာရပ်များကို တန်ဖိုးထား၍ မိမိဘဝ၊ မိသားစုဘဝတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ကြရန်နှင့် တတ်မြောက်ထားသည့် ပညာရပ်များကို လက်ဆင့်ကမ်း ပညာအမွေများပေးသွားရန် ဆွေးနွေးမှာကြားပြီး ပထမဆုရရှိသူ သင်တန်းသူအား အပ်ချုပ်စက်အသစ်တစ်လုံး ပေးအပ်ချီးမြှင့်၍ တာဝန်ရှိသူများက သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကံသာအေးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် အရှင်ဝိလာသထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကွမ်းခြံကုန်းမြို့နယ်၌ ရေသန့်စင်စနစ် လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်တိုဘာ ၁၈ ရက်တွင် ငှက်ကြီးဒေါင်ကျေးရွာနှင့် ဆူးကလပ်ကျေးရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေသန့်စင်စနစ် လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်း စစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငှက်ကြီးဒေါင်ကျေးရွာနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆူးကလပ်ကျေးရွာတို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေသန့်စင်စနစ် လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ရေသန့်စင်စက်ရုံ အဆောက်အအုံအား တစ်ပတ်လျှင်တစ်ကြိမ် သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် ရေစစ်(Filter) များအား ဆေးကြောခြင်းလုပ်ငန်း ဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာရေကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများကလည်း ရေသန့်စင်စက်ရုံကို အမှန်တကယ် သုံးစွဲလျက်ရှိပြီး ရေကော်မတီဝင်များက အလှည့်ကျတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေပေးဝေချိန်ကို အချိန်ဇယားနှင့် ပေးဝေလျက်ရှိကာ ရေသန့်စင်စနစ်နှင့် ဆက်စပ်သည့် ပစ္စည်းများ လဲလှယ်ရန်အတွက် ရေဖိုးကောက်ခံရရှိငွေများကို စုဆောင်း၍ ရေသန့်စင်စနစ်ကိုလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ်အတွင်း သီးထပ်စွမ်းအားမြင့်မားရေး ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေးနှင့် သီးထပ်စွမ်းအား မြင့်မားရေးအတွက် တစ်နှစ်တစ်သီးသာ စိုက်ပျိုးခဲ့သည့် လယ်မြေများတွင် နှစ်သီးတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ကျိုက်ပဒိုင်လေးကျေးရွာနှင့် ကျိုက်မဲကျေးရွာတို့သို့ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က သနပ်ပင်မြို့နယ်အတွင်း သီးထပ်စွမ်းအား မြင့်မားရေးအတွက် ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့သည့် ကျိုက်ပဒိုင်ကွင်း၊ ရေကြီးကွင်းရေနက်ကွင်းဧရိယာ ဧက ၂၀၂၀ တွင် တစ်နှစ်နွေစပါးနှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေတံခါးတပ်ဆင် ဆောင်ရွက်ပေးမည့် အခြေအနေနှင့် မျိုးကောင်းမျိုးသန့်များ စနစ်တကျအသုံးပြုပြီး သတ်မှတ်ထားသည့် သီးနှံပုံစံအတိုင်း အချိန်ကိုက် စိုက်ပျိုးနိုင်ရေး လိုက်နာ ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနိုဝင်းက စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ သက်ဆိုင်ရာဌာနများက တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၈**

ဘင်္ဂလား ပင်လယ်အော် အနောက်မြောက် ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၅၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၅ | ၂၂၉၀ | ၂၄၁၀ | ၂၄၀၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၈၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၉၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၁၄၆ | ၂၂၁၈ |
| HSD (50 ppm) | ၂၂၅၇ | ၂၃၃၂ |
| HSD (10 ppm) | ၂၂၆၃ | ၂၃၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၄၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၄၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မိုးညှင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မိုးညှင်း အောက်တိုဘာ ၁၈

ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ်တွင် ၂၀၂၃ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက




တက္ကသိုလ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်းက ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအား သင်ကြားရေးကိုသာမက လေ့ကျင့်ရေးကိုပါ ထူးချွန်ထက်မြက်လာစေရန်၊ အားကစားကို ချစ်မြတ်နိုးတတ်စေရန်၊ မိမိတက္ကသိုလ်၊ မိမိဂုဏ်သိက္ခာအတွက် ထိန်းသိမ်းတတ်စေရန် ပြောကြားသည်။

ထိုပြိုင်ပွဲတွင် အဝေးသင် ဒုတိယအသုတ် ဘာသာရပ်ပေါင်းစုံ အသီးသီးမှ အမျိုးသားအသင်း ငါးသင်းပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဗိုလ်လုပွဲတွင် ပထဝီဝင်(က)အသင်းနှင့် ဒဿနိကဗေဒ (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပထဝီဝင်အသင်းမှ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် အသင်းများကို တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## ရန်ကုန်တိုင်းဒေသကြီး၌ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိကျမှန်ကန်မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် နိုင်စေရေးအတွက် ရည်ရွယ်၍ ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန



သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ထူးချွန်သင်တန်းသားများကို ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

### သင်ကြားပို့ချ

အဆိုပါ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း အမှတ်စဉ်(၁)သင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ အမှုထမ်း ၃၀ တို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ပြည်သူ့ဆက်ဆံရေး ဘာသာရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းများတွင် အယ်လ်နီညိုနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နိုင်မည့်အခြေအနေများ အသိပညာပေး

**သရက်ချောင်း အောက်တိုဘာ ၁၈**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အယ်လ်နီညို ရာသီဥတုနှင့် ပတ်သက် ၍ ရင်ဆိုင်ကြုံတွေ့နိုင်မည့်အခြေအနေများ ကြိုတင် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က သရက်ချောင်းမြို့ ဆင်ဖြူပြင်ရပ်ကွက်ရှိ ရပ်ကွက်




အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

အဆိုပါ ဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခက်ခက်ဝေခိုင်က အယ်လ်နီညို ရာသီဥတုကြောင့် ငါးမွေးမြူရေး လုပ်ငန်းများတွင် ထိခိုက်လာနိုင်ကြောင်း၊ အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးသက်ရောက်မှုနှင့် ကြိုတင်ကာကွယ်ရန် နည်းလမ်းများ အကြောင်း၊ အယ်လ်နီညိုရာသီဥတုကြောင့် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှောင်ရန်/ဆောင်ရန် နည်းလမ်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ရေလုပ်သားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခက်ခက်ဝေခိုင်နှင့် ဝန်ထမ်းများသည် ဆင်ကျန်းကျေးရွာရှိ ကဏန်းပျော့ မွေးမြူရေးကန်သို့ သွားရောက်၍ အယ်လ်နီညိုနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နိုင်မည့် အခြေအနေများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(သရက်ချောင်း)**

**✦ ၂၀၂၆ ကမ္ဘာ့ဖလားမှ**

ဒုတိယအဆင့်အုပ်စုများကို ပထမအဆင့် ခြေစစ်ပွဲမဲခွဲကတည်းကတစ်ပေါင်းတည်း ရေးဆွဲထားခြင်းဖြစ်ပြီး အုပ်စု (A) တွင် ကာတာ၊ ကူဝိတ်၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်၊ အုပ်စု (B) တွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား၊ မြန်မာ၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အုပ်စု (D) တွင် အိုမန်၊ ကာဂျစ္စတန်၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ အုပ်စု (E) တွင် အီရန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ ဟောင်ကောင်၊ အုပ်စု (F) တွင် အီရတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (G)တွင် ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ အုပ်စု (H) တွင် ယူအေအီး၊ ဘာရိန်း၊ ယီမင်၊ နီပေါ၊ အုပ်စု (I) တွင် ဩစတြေးလျ၊ ပါလက်စတိုင်း၊ လက်ဘန္နွန်နှင့် ဘင်္ဂလားဒေ့ရှ် အသင်းတို့ ပါဝင်နေသည်။

### ယှဉ်ပြိုင်ကစားရမည်

ဒုတိယအဆင့်အုပ်စုပွဲများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း၊ မတ် ၂၁ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း၊ ဇွန် ၆ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း၊ ဇွန် ၁၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**




## “ဘယ်သူမှန်လဲ အပြိုင်ကြဲ”အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၈

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ “ဘယ်သူမှန်လဲ အပြိုင်ကြဲ”အစီအစဉ်သစ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် “လူတော်က တိုင်းပြည်ကို အကျိုးပြုတယ်”၊ “လူကောင်းက တိုင်းပြည်ကို အကျိုးပြုတယ်” ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ ကျော်ကျော်နှင့်အတူ ရွှေကြိုမောင်/မယ် မင်းသန့် နှင့် ပန်းအိဖြူ တို့က ပရိသတ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၂ ရက် တနင်္ဂနွေနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက် ကြာသပတေးနေ့ ညနေ ၆နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “အောက်ချင်းငှက် တေးသံသာ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် ချင်းတိုင်းရင်းသား တိုင်းရင်းသူများ တီးခတ်၊ သီဆိုဖျော်ဖြေကြမည့် “အောက်ချင်းငှက် တေးသံသာ” တေးဂီတဖျော်ဖြေပွဲကို ၂၀၂၃ခုနှစ် အောက်တိုဘာ ၂၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် ချင်းတိုင်းရင်းသားတို့ တီးခတ်ဖျော်ဖြေကြမည့် MQT Music Band နှင့်အတူ ချင်းတိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် ဒါးလ်ပီ၊ Steven Lian၊ လာလ်ထာ၊ ဟန်ဇာ၊ မြင့်မြတ်သူ၊ ငုရည်သန့်၊ ထားအဥ္ဇလီ၊ JL Liante ၊ Rebecca Lal Tin Mawi နှင့် Hannah Cer တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို အောက်တိုဘာ ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှု

**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ စွန်တာနီ/ ပြာ၊ ထောပတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲဆန်၊ နှမ်း စသည်ဖြင့် သီးနှံမျိုးစုံ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ မုံရွာကုန်စည်ဒိုင်ရှိ ပဲသီးနှံများ၏ ဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် အောက်တိုဘာလ (တတိယပတ်)တွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၈၅၅၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၂၅၅၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ငွေကျပ် ၉၁၅၀၀၊ 929 ကုလားပဲ တစ်တင်းလျှင် ငွေကျပ် ၈၈၅၀၀၊ ထိုင်ဝမ် တစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀၊ စွန်တာနီ/ ပြာပဲတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၁၀၂၀၀၀၊ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀၊ မြေပဲဆန်(နီ) တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀၊ မြေပဲဆန် (ဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၊ နှမ်း(နက်) တစ်တင်းလျှင် ငွေကျပ် ၁၁၆၀၀၀၊ နှမ်း(ညို) တစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀ စသည့် ဈေးနှုန်းများဖြင့် တစ်ရက်လျှင် မတ်ပဲအိတ်ရေ (၅-၁၀)အိတ်ခန့်၊ ပဲစင်းငုံအိတ်ရေ (၃-၅)



အိတ်ခန့်၊ ပဲတီစိမ်းအိတ်ရေ (၉-၁၀) အိတ်ခန့်၊ ကုလားပဲအိတ်ရေ (၁၀-၁၅)အိတ်ခန့်၊ စွန်တာနီ/ပြာ (၅-၇)အိတ်ခန့်၊ ထောပတ်ပဲ (၅-၁၀) အိတ်ခန့်၊ အစေ့ထုတ်ပြောင်း (၃-၅) အိတ်ခန့်၊ မြေပဲဆန်(၂၀-၂၅) အိတ်ခန့်၊ နှမ်း (၁၀-၁၅) အိတ်ခန့် စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

မုံရွာကုန်စည်ဒိုင်တွင် ပဲအမျိုးအစားအလိုက် ဈေးနှုန်းများမှာ ယခင်နှစ် ကာလတူ ဈေးနှုန်းများထက် ယခုနှစ်တွင် ဈေးနှုန်းပိုမိုကောင်းမွန်လျက်ရှိကြောင်း မုံရွာ ကုန်စည်ဒိုင် ဈေးနှုန်းသတင်းများအရ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

## ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ချင်းရွှေဟော် အောက်တိုဘာ ၁၈**

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၇ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ရော်ဘာ ၁၈၃၇ ဒသမ ၇၅ တန်၊ ဆန်ကွဲ ၁၁၇၁ ဒသမ ၂၅ တန်၊ ပြောင်း ၁၆၄၁ ဒသမ ၅၀တန်၊ နှမ်း(နက်) ၂၅၅ ဒသမ ၅၅ တန်၊ ပဲယည်း တန် ၃၄၀၊ ဆန် ၅၃၉ ဒသမ ၇၅ တန်၊ ဝဥခြောက် ၁၃၅ ဒသမ ၃၅ တန်၊ ထောပတ်ပဲ ၁၃၃ ဒသမ ၃၀ တန်၊ မြေထောက်ပဲ ၃၂ တန်နှင့် မြေပဲ (အခွံပါ) ၅၃ ဒသမ ၉၀ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ ၅ ဒသမ ၃၁၃ ဒေါ်လာသန်း၊ ချည်ထည်များ ၂ ဒသမ ၀၆၅ ဒေါ်လာသန်း၊ ဇာနှင့် ဇာထိုးထားသော အထည်အလိပ်များ ၁ ဒသမ ၇၂၅ ဒေါ်လာသန်း၊ ဓာတ်မြေဩဇာ သုည ဒသမ ၆၉၃ ဒေါ်လာသန်း၊ ချုပ်ပြီးအဝတ်အထည်များ သုည ဒသမ ၆၀၆ ဒေါ်လာသန်း၊ သားရေ၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်း သုည ဒသမ ၅၄၈ ဒေါ်လာသန်း၊ စက်နှင့် စက်ပစ္စည်းများ သုည ဒသမ ၄၈၈ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ သုည ဒသမ ၂၅၈ ဒေါ်လာသန်းနှင့် မီးဖိုချောင်သုံးပစ္စည်းများ သုည ဒသမ ၂၄၀ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

## မြင်းခြံခရိုင်ရှိ ကြက်သွန်နီဈေးနှုန်း ဈေးကွက်

**မြင်းခြံ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကန်ဆင့်ရွာ၊ ဗလုံရွာ၊ ဖောင်းကားရွာ၊ လက်ဝဲရွာ၊ မြင်းနီရွာ၊ နန္ဒင်းတော်ဘိုးရွာ၊ တလုပ်မြို့ရွာနှင့် ကိုင်းရွာများမှ ထွက်ရှိသော ကြက်သွန်နီများမှာ အရည်အသွေး ကောင်းမွန်ပြီး သိုလှောင်ရာတွင် အထားခံသောကြောင့် ဈေးကောင်းရကြောင်း၊ ကြက်သွန်နီထွက်ရှိသော ကျေးရွာများမှ ပွဲရုံများသို့ ကြက်သွန်နီ ပျမ်းမျှကုန်ချိန် ပိဿာ ၅၀၀၀၀ မှ ၆၀၀၀၀ ကျော် နေ့စဉ်ဝင်ရောက်လေ့ရှိပြီး အရည်အသွေးအပေါ်မူတည်၍ ဈေးကောင်း ရလျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် အောက်တိုဘာလ (ဒုတိယပတ်) တွင် ကြက်သွန်နီ (အကြီး) တစ်ပိဿာလျှင် ကျပ်(၂၆၀၀-၂၈၀၀)၊ (အလတ်စ)တစ်ပိဿာလျှင် ကျပ်(၂၃၀၀-၂၅၀၀)၊ (အသေးစ)တစ်ပိဿာလျှင် ကျပ်(၂၀၀၀-၂၂၀၀) ဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မြင်းခြံခရိုင်အတွင်းမှ ထွက်ရှိသော ကြက်သွန်နီများကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင်နှင့် မူဆယ်မြို့များသို့ အပတ်စဉ် တင်ပို့လျက်ရှိကြောင်း သိရသည်။

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် အောက်တိုဘာ ၁၈**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၅၅ တန်နှင့် ပြောင်း တန် ၃၀ တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၁၃၀၀ ဖြစ်ကြောင်း သိရသည်။

ယခုပတ်အတွင်း ပတ္တာကြိုး ၁၅ တန်၊ ကော်စေ့ ၁၃ ဒသမ ၄၀ တန်နှင့် ကုန်စုံ ၄၁ ဒသမ ၅၀ တန် တင်သွင်းနိုင်ခဲ့သည်။ သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် နှစ်ဘီးထွန်စက်တစ်စီးလျှင် ဒေါ်လာ ၆၀၀၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ် တစ်တန်လျှင် ဒေါ်လာ ၈၀၀ နှင့် ပိတ်လိပ်တစ်တန်လျှင် ဒေါ်လာ ၅၇၀ ဖြစ်ကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် အောက်တိုဘာ ၁၇ ရက်တွင် တစ်ယွမ်လျှင် ငွေကျပ် ၄၅၀ ဖြစ်ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများ

**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက အသုံးပြုရသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်တိုဘာလ(တတိယပတ်)တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဓာတ်မြေဩဇာဈေးနှုန်းများမှာ အာမို(၁၀:၁၀:၅) တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေကောမက်(၂၀:၁၂:၁၂) တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ယူရီးယား(ရွှေတောင်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ တီစူပါ ၄၆ ရာခိုင်နှုန်းသံကွင်း(တရုတ်) တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ပန်းဖူး(သစ်)(တရုတ်) တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ မြားကမ္ဘာ(တရုတ်) တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ပုလဲ(ရွှေတောင်) တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ တီစူပါတစ်အိတ်လျှင် ကျပ် ၇၄၀၀၀၊ နိုက်ထိုဖောစကာ(ဩဘာ)တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ပန်းဖူး(မြန်မာ့ဩဘာ) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ အာမို(၁၅:၁၅:၁၅) တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ သံဃွန်း (၁၅:၁၅:၁၅) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ကျွဲနက် (၁၅:၁၅:၁၅) တစ်အိတ်လျှင် ကျပ် ၁၅၆၀၀၀၊ MC(ကွန်ပေါင်း) တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဇာမဏီ(ကွန်ပေါင်း) တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပိုးသတ်ဆေးဈေးနှုန်းများမှာ စတား(အာမို) တစ်ဘူးလျှင် ကျပ် ၅၅၀၀၊ လန်ဒါ(ဝိစာရ)တစ်ဘူးလျှင် ကျပ် ၁၇၅၀၀၊ ဘက်တားတစ်ထုပ်လျှင် ကျပ် ၂၁၅၀၀၊ ဆန်နာဂျီတစ်ထုပ်လျှင် ကျပ် ၁၈၀၀၀၊ ရွှေတောနစ် (မြင်းကြား) တစ်ဘူးလျှင် ကျပ် ၁၁၀၀၀၊ မိုရယ်မုန် (ဩဘာ)တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ ဖို့စတင်း(ဩဘာ) တစ်ဘူးလျှင် ကျပ် ၃၄၀၀၀၊ ဒါနာဒင်(ဩဘာ)တစ်ဘူးလျှင် ကျပ် ၄၉၅၀၀၊ အစီဖိတ် (ဩဘာ)တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ ရွှေဆိုက်ပါ တစ်ဘူးလျှင် ကျပ် ၂၉၀၀၀၊ အီမာတစ်ဘူးလျှင်ကျပ် ၃၄၀၀၀၊ သန်းဒါးတစ်ဘူးလျှင် ကျပ် ၁၈၀၀၀၊ ဒိုဇာတစ်ဘူးလျှင် ကျပ်၂၀၀၀၊ ထိသေစားသေတစ်ဘူးလျှင် ကျပ် ၁၅၅၀၀၊ ပင်လုံးပြန့် တစ်ဘူးလျှင် ကျပ် ၂၉၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။ ■

### ၁၈- ၁၀- ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) ဧည့်မထ | ဆန်(တစ်ပြည်) ငစိန် | ဆီ(တစ်ပိဿာ) ပဲဆီ | ဆီ(တစ်ပိဿာ) စားအုန်းဆီ | စားဖိုဆောင်သုံး (တစ်ပိဿာ) ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | အသား၊ ငါး(တစ်ပိဿာ) ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၈၀၀ | | ၁၆၀၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၃၅၀ | | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၅၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၅ | လွိုင်ကော် | ၃၇၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၇၀၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၃၆၀၀ | ၉၅၀၀ | ၈၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၁၅၀ | ၁၅၀၀၀ | ၃၆၀၀ | ၉၅၀၀ | ၈၇၀၀ | ၆၀၀၀ | ၈၇၀၀ | ၈၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၃၇၅၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀ | ၇၂၀၀ | ၈၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
